မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၃၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈၀)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူလူထု သားငါးလိုအပ်ချက် တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းအထောက်အကူပေး ခေတ်မီနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု လုပ်ငန်းများပိုမိုတိုးချဲ့ဆောင်ရွက်

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းလိုက်ပါလျက် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ပင်မငါးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပင်မငါးမွေးမြူရေးစခန်း၌ ငါးကန် ၆၇ ဒသမ ၈၂ ဧက တူးဖော်ထားရှိ၍ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခါင်းပွ၊ ငါးတန်နှင့် တီလားဗီးယားစသည့် ငါးမျိုးစုံကောင်ရေ ၁၂၀၀၀၀၀ ကျော် မွေးမြူဖြစ်ထွန်းမှုအခြေအနေ၊ ရေချိုပုစွန် သားဖောက်လုပ်ငန်းက ပုစွန်သားပေါက်များ ရောင်းချရရှိမှုအခြေအနေ၊ အီဆာနီယိုဘရောင်းအမျိုးအစား ဥစားကြက်ကောင်ရေ ၃၂၀၀ ကျော် မွေးမြူဖြစ်ထွန်းမှုအခြေအနေ၊ ဝက်ကောင်ရေ ၁၈၀ ကျော် မွေးမြူဖြစ်ထွန်းနေမှုအခြေအနေနှင့် နို့စားနွားကောင်ရေ ၈၀ ကျော် မွေးမြူဖြစ်ထွန်းမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကြည့်ရှုစစ်ဆေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် နို့စားနွားမွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၃၀-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

30-3 (01) 1 3/30/07, 2:08 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ် ၃၀ ရက်)

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတော်နှင့် ဆက်လက် လက်တွဲဖော်ဆောင်

နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်လာကြသဖြင့် တည်ငြိမ်အေးချမ်းမှုများ ပိုမိုဖြစ်ထွန်းလာသည်။ နယ်မြေဒေသများတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လာနိုင်ခဲ့သည်။

တစ်ချိန်က လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရာ ယင်းအခြေအနေမှလွန်မြောက်စေရန် နိုင်ငံတော်က ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကိုပါ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တာဝန်ခွဲဝေခြင်း မှန်ကန်မှု၊ ချမှတ်ထားသော မဟာဗျူဟာ၊ နည်းဗျူဟာ မှန်ကန်မှုတို့ကြောင့် လုပ်ငန်းများအောင်မြင်မှုရရှိသဖြင့် တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာလျက်ရှိသည်။

နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တရားဥပဒေစိုးမိုးမှု၊ နယ်မြေအေးချမ်းမှု ပိုမိုရရှိရန် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုမြင့်မားခိုင်ကျည်စေရေးအတွက် နိုင်ငံတော်က အလေးထားဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းလက်တွဲ ကြိုးပမ်းခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်း တော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင် အနီးတွင်)အမှတ် (၁) သမိုင်း မြို့မ ကျောင်း လမ်း၊ ၂ရပ်ကွက် မရမ်းကုန်း မြို့နယ်နေ ကျေးဇူးရှင် ဖခင်ကြီး ဦးချစ်ထွေးအား ရည်စူး၍ ဒေါ်လှစိန်နှင့်သားသမီး၊ မြေးတစ်စုက ငွေကျပ်နှစ်သိန်းကို အဖွဲ့ဝင် ဒေါက်တာ အောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း နောက်ဆုံးနှစ် ကွင်းဆင်းလေ့လာရေး ကျောင်းသားကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် မတ် ၂၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် နောက်ဆုံးနှစ် ကွင်းဆင်းလေ့လာရေး ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ အမှာစကားပြောကြားသည့် အခမ်းအနားကို မတ် ၂၇ရက် နံနက်၉နာရီက နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆရာကြီး၊ ဆရာမကြီးများကို ကွင်းဆင်း လေ့လာရေးကျောင်းသား၊ ကျောင်းသူများက ဂါရဝပြုကန်တော့ကြပြီး အငြိမ်းစားပါမောက္ခ ဒေါက်တာ အေးချိုက ဆုပေးစကား ပြောကြားသည်။

လှူဒါန်း

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် မွေးမြူရေးလုပ်ငန်းရှင်များက ကွင်းဆင်း ခရီးစဉ်အတွင်း အသုံးပြုရန် မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်း တန်ဖိုးစုစုပေါင်း ငွေကျပ် ရှစ်သိန်းကျော် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၇
(သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo
၇:၀၅	ရင်ထဲက အရဟံတရားတော် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) (အပိုင်း-၂)
၈:၀၀	ရွှေပြည်တော်ကိန်းအေးငြိမ်းပါလို ကုသိုလ်ဖြစ်ဆေးခန်းက အေးချမ်းစွာကြို
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	Myanmar Video Rhythm
၉:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	Yangon Panorama (Canon Show)
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ICT CARAVAN (2007) မော်လမြိုင်ခရီးစဉ်
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	သီးနှံစိုက်ပျိုးအထွက်တိုး (ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင် သုံးစွဲနည်း)
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	Music Talk (ဂီတမှူးအကယ်ဒမီ ဦးခင်မောင်ကြီးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ (အပိုင်း-၁)
၁၂:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၂:၂၀	သန့်ရှင်းလတ်ဆတ် စံချိန်မီ မြန်မာ့ချက်နို့ဆီ
၁၂:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၅	သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်းတောင်ဥက္ကလာပ မြို့နယ် ၉ရပ်ကွက် သူရ(၇)လမ်း အမှတ် ၂၉၂နေ ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဇနီးနန်းတင်မေအား ရည်စူး၍ ဦးတင်အေး မိသားစုက ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၃၀-၃-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပာန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း-၁၅)

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် မတ် ၂၉

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့သော ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း၊ မန္တလေး–ပြင်ဦးလွင် မီးရထားသံလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၈ နာရီခွဲက ၆၂ လမ်းနှင့် မန္တလေး–ပြင်ဦးလွင်မီးရထားသံလမ်း ထိပ်မုခ်ဦးတွင်ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အစီအစဉ်အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒေသခံပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖဖြစ်သူ ဦးထွန်းထွန်းသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် တက်ရောက်လာကြသူများသည် အဆိုပါလမ်းသစ်အား ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူလူထုကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ကတ္တရာလမ်းသစ်ကို ၂၀၀၆ ခုနှစ် ဧပြီ ၂၉ ရက်က လုပ်ငန်းစတင်ခဲ့ပြီး မူလလမ်းအကျယ် ၂၄ ပေမှ ယခု လမ်းအကျယ် ပေ ၃၀ အထိ တိုးချဲ့ကာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းဖြစ်ပြီး လမ်းအလျားမှာ ပေ ၃၉၀၀ ဖြစ်သည်။ စုစုပေါင်း ကုန်ကျငွေ ကျပ်သန်းပေါင်း ၄၄ ဒသမ ၄၇ သန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ကျေးလက်ဒေသမီးလင်းရေး

ထို့နောက် မွေးမြူရေးစခန်း တာဝန်ခံ ဗိုလ်မှူးသက်လှိုင်က ငါးတန်များဖော်ထုတ်မှု အခြေအနေ၊ ငါးမျိုးစုံ မွေးမြူရောင်းချရမှု အခြေအနေ၊ ပုစွန်သားဖောက်လုပ်ငန်းဆောက်ရွက်မှုအခြေအနေ၊ ပုစွန်သားပေါက်များ ရောင်းချရမှုအခြေအနေ၊ ခေတ်မီ ငါးနှင့် ပုစွန် မွေးမြူရေး နည်းပညာများ သုံးစွဲမှု အခြေအနေ၊ အီဆာနီယိုဘရောင်း ဥစားကြက်၊ ဝက်နှင့် နို့စားနွားများ မွေးမြူထားရှိမှု အခြေအနေနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း နည်းပညာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်းက နွား၊ ဝက်စသည့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှ Biogas ထုတ်ယူ၍ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်း၊ လယ်ယာသုံး ရေစုပ်စက်၊ ရေတင်စက်များ မောင်းနှင်ခြင်းနှင့် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထိထိရောက်ရောက်စီမံ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူလူထု၏ အသားငါးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းအထောက်အကူပေးနိုင်ရန်၊ ခေတ်မီ မွေးမြူရေးနည်းစနစ်များကိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ထိထိရောက်ရောက် စီမံဆောင်ရွက်ပြီး လုပ်ငန်းများကို ယခုထက်ပိုမိုတိုးချဲ့ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများသည် ပင်မ ငါးမွေးမြူရေးစခန်း၌ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွ၊ ငါးတန်၊ တီလားပီးယားစသည့် ငါးမျိုးစုံကောင်ရေ ၁၂၀၀၀၀ ကျော် မွေးမြူထားရှိမှု၊ ရေချိုပုစွန်သားပေါက်ကန်များ၌ ရေလှည့်လည်နည်းစနစ်ဖြင့် ရေချိုပုစွန်များ သားဖောက်မွေးမြူထားရှိမှု၊ Biogas Plant ဆောက်လုပ်နေမှုနှင့် Biogas စမ်းသပ်ထုတ်လွှတ်နေမှုကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေးခြံများအတွင်း နို့စားနွားကောင်ရေ ၇၀ ကျော် မွေးမြူဖြစ်ထွန်းနေမှု၊ ဝက်မွေးမြူရေးခြံများအတွင်း ဝက်ကောင်ရေ ၁၈၀ ကျော် မွေးမြူဖြစ်ထွန်းနေမှုနှင့် နွားမွေးမြူရေးအစားအစာအဖြစ် မာကာအမျိုးအစား မြက်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

ရောင်းချပေး

ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် ငါးမွေးမြူရေးနည်းပညာများ ပြန့်ပွားလာစေရန်၊ ငါးနှင့် ပုစွန်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးရန်နှင့် ပြည်သူလူထု၏ အသား၊ ငါး လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ မွေးမြူရေးစခန်းများ ဖွင့်လှစ်ပြီး ငါးမျိုးစုံ၊ နွား၊ ဝက်၊ ဥစားကြက်နှင့် အသားစားကြက်မျိုးစုံတို့ကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် အသား၊ ငါးများကို ရန်ကုန်မြို့အတွင်းရှိ ဈေးများ၊ အခွန်လွတ်ဈေးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးညဏ်လင်းအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်လင်းအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဦးသိုက်ထွန်း ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ) ဦးစိုးလှိုင် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ဂ) ဦးသိန်းဆွေ ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ရထားပို့ဆောင်ရေးဝန်ကြီး ဌာန

ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ နာနာကွဒ်ဂူ စီယံတီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာ နာနာကွဒ်ဂူ စီယံတီသည် ၁၉၄၁ ခုနှစ်တွင် မွေးဖွားသည်။ ၎င်းသည် ၁၉၇၁ ခုနှစ်တွင် ဂါနာတက္ကသိုလ်မှ စီမံခန့်ခွဲရေးသိပ္ပံဘွဲ့ကို ရရှိသည်။ ၎င်းသည် ဂါနာနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကဌာနများတွင် စီမံခန့်ခွဲရေးဆိုင်ရာ ရာထူးများကို နှစ်ပေါင်း ၄၀ ကျော် ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်သည်။ ၎င်းသည် ပြည်နယ်ဝန်ကြီးအဖြစ် ၂၀၀၃ ခုနှစ်တွင် တာဝန်ပေးအပ်ခြင်းခံရပြီး ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံတာဝန်ပေးအပ်ခြင်းခံရသည်။

မစ္စတာ နာနာကွဒ်ဂူ စီယံတီသည် ကွာလာလမ်ပူမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာ နာနာကွဒ်ဂူ စီယံတီသည် အိမ်ထောင်သည် တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတည်ဆောက်ရေးနှင့် လူမှုအရင်းအမြစ်များ၏အခန်းကဏ္ဍ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုနှင့် Bargo Garment Co., Ltd.၏ ပံ့ပိုးကူညီမှုတို့ဖြင့် မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ တွဲဖက်ပါမောက္ခ ဒေါက်တာ ကျော်ရင်လှိုင် (National University of Singapore) က နိုင်ငံတည်ဆောက်ရေးနှင့် လူမှုအရင်းအမြစ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် အာဆီယံပင်္ဂိုညာဉ်စာတမ်း မူကြမ်းရေးဆွဲပြုစုရေး အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ လူမှုအဖွဲ့အစည်းများဆိုင်ရာ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် လေကြောင်းဖြင့် ထွက်ခွာသွားသော ဦးလှမြင့် (နိုင်ငံခြားရေး)၊ တက္ကသိုလ်မြတ်သူ (သတင်းစာဆရာ) နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မတ် ၂၆ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

▪▪▪▪▪▪▪▪▪▪

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့ရှိ မော်တော်ကားပြပွဲတွင် ပြသထားသည့် အမ်ဂျီဆီဒင် မော်တော်ကား တစ်စီးကို မတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်ဗင်နီဇွဲလားဆက်ဆံရေးတိုးမြှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည်

ကရာကတ် မတ် ၂၉

တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အနေဖြင့် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်မှုများ နက်နက်ရှိုင်းရှိုင်း ပြုလုပ်ကြရေး ဗင်နီဇွဲလားနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးလာရောက်ခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ)မှ ထိပ်တန်းအရာရှိကြီးတစ်ဦး၏ ခရီးစဉ်အတွင်း ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေမည့်အပေါ် ဗင်နီဇွဲလားအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းဗဟိုကော်မတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် လီချန်ချွမ်းက အဆိုပါကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်ဆံရေးသစ်

တရုတ်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံအကြား မဟာဗျူဟာကျသော ဆက်ဆံရေးတိုးမြှင့်ဖြစ်ထွန်းလာရေးနှင့် နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ၏ အပြန်အလှန်ခရီးစဉ်များကြောင့် ဆက်ဆံရေးကဏ္ဍသစ် ဖြစ်ပေါ်နေမှုများကိုလည်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့်တွေ့ဆုံစဉ် လီချန်ချွမ်းက ပြောကြားခဲ့သည်။

လီချန်ချွမ်းသည် ၂၀၀၅ ခုနှစ် နောက်ပိုင်း တရုတ်နိုင်ငံ၏ အဆင့်မြင့်ဆုံး ခေါင်းဆောင်တစ်ဦးအနေဖြင့် ဗင်နီဇွဲလားနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနှင့် ကူဝိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်သဘောတူ

ကူဝိတ်စီးတီး မတ် ၂၉

တောင်ကိုရီးယားနှင့် ကူဝိတ်နိုင်ငံတို့သည် ရေနံနှင့် အခြားစီးပွားရေးလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရေးအပေါ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ ကူဝိတ်စီးတီးမြို့တွင် မတ် ၂၇ ရက်က ထုတ်ပြန်သော ပူးတွဲသတင်း ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားကြောင်း ကူဝိတ်သတင်းဌာနဖြစ်သည့်ကူနာကသတင်းထုတ်ပြန်သည်။

ကူဝိတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိတော့မည့် တောင်ကိုရီးယားသမ္မတ နိုမူဟွန်း၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံ စွမ်းအင်နှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအပေါ် ရေရှည်ပြုလုပ်သွားကြရေးကို သဘောတူမှုရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဆွေးနွေး

ကူဝိတ်နိုင်ငံတွင် အခြေခံအဆောက်အအုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း၌ တောင်ကိုရီးယားနိုင်ငံက ပါဝင်ဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးလျက်ရှိကြောင်းအဆိုပါသတင်း၌ ဖော်ပြထားသည်။

နှစ်နိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုကိုလည်း ပူးတွဲထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံ မလေးရှား၌ ယခုနှစ်ဇွန်လတွင်ကျင်းပမည်

ကွာလာလမ်ပူ မတ် ၂၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၁၂ကြိမ်မြောက် အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံကို ယခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်တွင် မတ် ၂၆ ရက်၌ ဖော်ပြသည်။

၎င်းနှစ်ပတ်လည်ညီလာခံအစည်းအဝေးကို ကွာလာလမ်ပူမြို့ ကွန်ဗင်းရှင်းစင်တာ၌ ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အနာဂတ်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း နယူးစထရိတ်တိုင်းသတင်းစာ၌ ဖော်ပြသည်။

ပြောကြား

ယင်းညီလာခံ အစည်းအဝေးသို့ ပါဝင်တက်ရောက်မည့် ကိုယ်စားလှယ်ပေါင်း၁၀၀၀သို့ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီ၏ မိန့်ခွန်းကောက်နုတ်ချက်များ ပေးဝေမည်ဖြစ်ကြောင်း အာဆီယံအတွင်းရေးမှူးကလည်း မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၁၉၉၆ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သော ၎င်းညီလာခံသည် အာရှနိုင်ငံများဆိုင်ရာ ထိပ်တန်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံတစ်ခုဖြစ်လာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သဘာဝသမိုင်းပြတိုက်

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ အသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် သဘာဝသမိုင်းပြတိုက်တွင် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို မတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှု ၇၅ ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၉

အီရတ်နိုင်ငံအနောက်မြောက်ပိုင်း တာလ်အဖာမြို့၌ ကားဗုံးနှစ်လုံးဖောက်ခွဲမှုကြောင့် သေဆုံးသူ ၄၈ဦးအပါအဝင် မတ် ၂၇ရက်က အီရတ်နိုင်ငံအတွင်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၇၅ဦး ရှိကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

မကြာမီရက်များအတွင်းက အကြမ်းဖက်မှုများ တိုးလာပြီးနောက် ယင်းသို့ တိုက်ခိုက်လာခြင်းဖြစ်သည်။

ဖြန့်ကြက်ထား

အီရတ်နိုင်ငံကို တစ်စစီဖြစ်သွားအောင် ဖန်တီးရန် ခြိမ်းခြောက်လာသော ဂိုဏ်းဂဏစွဲ စစ်ပွဲမဖြစ်ရန် ရှောင်ရှားတားမြစ်နိုင်ရေးအတွက် ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် အများအပြားကို ဖြန့်ကြက်ထားခဲ့သည်ဆိုသည်။

ဤသည်မှာ စစ်သွေးကြွအုပ်စုကို ပူးပေါင်းနှိမ်နင်းရန် လူမျိုးစုခေါင်းဆောင်များနှင့် အချို့သောသူပုန်အုပ်စုများကိုစည်းရုံးရန် အီရတ်အစိုးရ၏ ကြိုးပမ်းမှုများကို အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့က ထိုးနှက်ဖျက်ဆီးရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အက်စထရာဒုံးကျည် အိန္ဒိယ စမ်းသပ်ပစ်လွှတ်

ဘလာဆိုရေး မတ် ၂၉

အိန္ဒိယနိုင်ငံ ဘလာဆိုရေးမြို့အနီး ချန်ဒီပူရာစခန်းမှ အက်စထရာအမည်ရှိ ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်တစ်စင်းကို မတ် ၂၅ ရက်က စမ်းသပ်ပစ်လွှတ်ခဲ့သည်။

စမ်းသပ်ပစ်လွှတ်

အဆိုပါ ဒုံးကျည်ကို ချန်ဒီပူရာမှ ဒေသစံတော်ချိန် မတ် ၂၅ရက်နံနက် ၁၁ နာရီ ၅၆ မိနစ်က စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယစစ်ဘက်သတင်းများက ဖော်ပြသည်။

ထိုဒုံးကျည်သည် ကီလိုမီတာ ၈၀ အကွာအဝေးအထိရောက်ရှိနိုင်ပြီး အသံထက် ၂ ဒသမ ၂ ဆခန့်မြန်ကြောင်း၊ ဒုံးကျည်အရှည်မှာ မီလီမီတာ ၃၅၇၀ နှင့် အချင်း ၁၇၈ မီလီမီတာ ရှိသည်။

၎င်းဒုံးကျည် စမ်းသပ်ပစ်လွှတ်နိုင်ရေးအတွက် ပြီးခဲ့သည့် ရက်များက အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနဌာနမှ သိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့က ကြိုးစားပြင်ဆင် ဆောင်ရွက်ခဲ့ရသည်။

အမ်အင်န်အေ၊ပီတီအိုင်

နယူးယောက်၌ အဆောက်အအုံပြိုကျ

နယူးယောက် မတ် ၂၉

နယူးယောက်မြို့အရှေ့ပိုင်း ဟာလင်ဒေသတွင် မတ် ၂၇ ရက်က ခြောက်ထပ်အဆောက်အအုံကို ပြုပြင်မွမ်းမံနေစဉ်တွင်ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ အကြီးအကဲများက ပြောကြားသည်။

လုပ်ငန်းခွင်တွင် အလုပ်သမား ၁၂ဦးရှိကြောင်း မီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိသူတစ်ဦးကို ထမ်းစင်ဖြင့် ထမ်းထုတ်၍ အခင်းဖြစ်ပွားရာ အရပ်၌ ကုသပေးခဲ့ရကြောင်း မီးသတ် ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းအခင်းဖြစ်ပွားရာအရပ်အောက်တွင် ပြေးဆွဲနေသော မြေအောက်ရထားလမ်းကို ခေတ္တဆိုင်းငံ့ထားရကြောင်း ပို့ဆောင်ရေး အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ ကယ်ဆယ်ရေး ဝန်ထမ်းများက မီးငြိမ်းသတ်နေသည်ကို မတ် ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

30-3 (04) 1 3/30/07, 2:08 PM

ဂျပန်၌ ငလျင်လှုပ်

ဝါဂျီမာ (ဂျပန်) မတ် ၂၉

ဂျပန်နိုင်ငံ ပီနင်ဆူလာဒေသတွင် ပြင်းထန်သောငလျင်လှုပ်ခဲ့ရာ လူတစ်ဦး သေဆုံးပြီး ၂၀၀ နီးပါး ဒဏ်ရာရခဲ့ပြီး နောက်နေ့တွင် ဂျပန်နိုင်ငံ အလယ်ပိုင်း ကမ်းရိုးတန်းတွင် ငလျင်ငယ်များ ထပ်မံလှုပ်ခဲ့ကြောင်း သိရသည်။

တိုကျိုမြို့၏ အနောက်ဘက် ကီလိုမီတာ ၃၀၀ အကွာရှိ အစ်ရှီကာဝါ စီရင်စုနယ်မှ နိုတိုဖီနင်ဆူလာဒေသတွင် မတ် ၂၅ ရက် နံနက်ပိုင်းက အင်အား ၆ဒသမ၉အဆင့်ရှိ ငလျင်ကြောင့် အိမ်ပေါင်းများစွာပျက်စီးခြင်း၊ လမ်းများ ပျက်စီးခြင်း၊ မြေပြိုမှုများကိုဖြစ်ပေါ်စေခြင်းအပြင် အိမ်ထောင်ပေါင်းများစွာတို့ကို ရေပေးဝေမှု ပြတ်တောက်စေခဲ့သည်။

ငလျင်ငယ် ၁၇၅ခုအနက်မှ အင်အား ၅ဒသမ၃ရှိ ငလျင်သည် မတ် ၂၆ရက် ဒေသစံတော်ချိန် နံနက် ၇နာရီ ၁၆မိနစ်တွင် ဖြစ်ပွားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

လုံခြုံရေးကောင်စီဝင်ဖြစ်ရေး ဂျပန်ကြိုးပမ်း တရုတ်၏ထောက်ခံမှုရရှိရန် ချဉ်းကပ်မည်

တိုကျို မတ် ၂၉

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် တိုကျိုသို့ ရှေ့လလာရောက်သည့်အခါ ဂျပန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး တရုတ်နိုင်ငံ၏ ထောက်ခံမှုရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မတ်၂၇ရက်တွင် ပြောကြားလိုက်သည်။

နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံမည့် အစီအစဉ်မှာ ဂျပန်ဝန်ကြီးချုပ် ဟောင်းကိုအိဇုမိလက်ထက်က ဆက်ဆံရေး ကြံနေရာမှ ယခုအခါ နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက် နွေးထွေးလာသည့် လက္ခဏာဖြစ်သည်။

သွားရောက်

ဂျပန်ဝန်ကြီးချုပ် အာဘေးသည် စက်တင်ဘာလက ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်အပြီး မကြာမီမှာပင် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရေးအတွက် ပေကျင်းသို့သွားရောက်ကာ တရုတ်–ဂျပန်နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် ကြိုးပမ်းခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားရာတွင် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် အပြန်အလှန် ဆက်ဆံမှု ထူထောင်ရေးနှင့် တိုးမြှင့်ရေးအတွက် တရုတ် ဝန်ကြီးချုပ် ဝမ်ကြားပေါင်၏ ဂျပန်ခရီးစဉ်တွင် အခွင့်အရေး လက်မလွှတ်စတမ်း မိမိ အသုံးပြုလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

ကြိုးပမ်းမည်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေး ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုကို တရုတ်ပြည်က ထောက်ခံအောင်မိမိကြိုးပမ်းမည်ဟုလည်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားသည်။

ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ဧပြီ ၁၁ရက်မှ ၁၃ ရက်အထိ ဂျပန်နိုင်ငံသို့ လာရောက် လည်ပတ်မည်ဖြစ်ပြီး တရုတ် ခေါင်းဆောင်တစ်ဦးအနေဖြင့် ခုနစ်နှစ်အတွင်း ဂျပန်နိုင်ငံသို့ ပထမဆုံး လာရောက်သည့် ခရီးစဉ်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ ခြောက်ထပ်တိုက်အဆောက်အအုံတစ်ခု မီးလောင်မှု ဖြစ်ပွားနေသည်ကို မတ် ၂၈ရက်က တွေ့ရစဉ်။ (ယင်းမီးလောင်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် လူငါးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

ပေါ်တူဂီ၌ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားစက်ရုံဖွင့်

လန်ဒန် မတ် ၂၉

ကမ္ဘာပေါ်တွင် အကြီးဆုံးနေရောင်ခြည်စွမ်းအင် စက်ရုံတစ်ခုကို ပေါ်တူဂီနိုင်ငံ၌ ဖွင့်လှစ်လိုက်ကြောင်း ပေါ်တူဂီ မီဒီယာများက ဖော်ပြသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး စက်ရုံကို ပေါ်တူဂီနိုင်ငံ တောင်ပိုင်း ဥရောပ၏ နေရောင်အများဆုံးရရှိသောဒေသ၌ မြေဧရိယာ ဟက်တာ ၆၀ခန့်ပေါ်တွင် နေရောင်ခံပြားများဖြင့် အသုံးပြုတည်ဆောက်ထားခြင်းဖြစ်သည်။

၎င်းနေရောင်ခြည်စွမ်းအင်စက်ရုံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားသည် အိမ်ခြေ ၈၀၀၀ကို လျှပ်စစ်ဓာတ်လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း ပေါ်တူဂီ အရာရှိများက ပြောကြားသည်။

လျော့ကျ

နေရောင်ခြည်စွမ်းအင်စက်ရုံကို ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေသည့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျော့ကျမှုဖြစ်စေကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်စက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ဂီဂါဝပ်နာရီပေါင်း၂၀ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

နယူးဒေလီ၌ ယာဉ်မောင်းစဉ် ဆေးလိပ်သောက်မှုပိတ်ပင်

နယူးဒေလီ မတ် ၂၉

အိန္ဒိယနိုင်ငံတွင် နှစ်စဉ်ယာဉ်မတော်တဆဖြစ်ရပ်များကြောင့် လူရာပေါင်းများစွာ သေဆုံးနေရမှုကို လျော့ကျစေရန်အတွက် မြို့တော် နယူးဒေလီ၌ မော်တော်ယာဉ်များ မောင်းနှင်နေစဉ် ယာဉ်မောင်းများအား ဆေးလိပ်သောက်မှုကို မတ် ၂၆ ရက်မှ စတင်ကာ ပိတ်ပင်လိုက်ပြီဖြစ်သည်။

မော်တော်ယာဉ် မောင်းနှင်နေစဉ် ဆေးလိပ်သောက်မှုကို တွေ့ရှိပါက အမေရိကန်ဒေါ်လာ ၁၀ဒေါ်လာ ဒဏ်ရိုက်ခံရမည်ဖြစ်ကြောင်း နယူးဒေလီမြို့ တရားရုံးချုပ်က ဥပဒေထုတ်ပြန်ထားသည်။

ဖော်ပြ

နယူးဒေလီမြို့တွင်နှစ်စဉ်မော်တော်ယာဉ်မတော်တဆမှု ရှစ်ထောင်ကျော် ဖြစ်ပွားလျက်ရှိရာ နှစ်စဉ် လူနှစ်ထောင်ခန့် သေဆုံးနေရသည်ဟု နယူးဒေလီမြို့ရှိ မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့က ထုတ်ပြန်သော သတင်းစာ၌ ဖော်ပြသည်။

ထို့အပြင် ကားဟွန်းတီးသံများနှင့် တေးဂီတသံစဉ်ကဲ့သို့သော အချက်ပေးသံများကိုလည်း မြို့တော်၏ လမ်းမများပေါ်တွင် ဆူညံမှုမဖြစ်စေရေးအတွက် ပိတ်ပင်သွားမည်ဖြစ်သည်။ နယူးဒေလီမြို့တွင် မော်တော်ယာဉ်စီးရေ သုံးသန်းကျော် ရှိနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလေးရှား၌ ရဲတပ်ဖွဲ့ဝင်များ တိုးခန့်မည်

ကွာလာလမ်ပူ မတ် ၂၉

မလေးရှားရဲတပ်ဖွဲ့သည် တောင့်တင်းခိုင်မာသော ရဲတပ်ဖွဲ့ဖြစ်လာစေရန်အတွက် လက်ရှိတပ်ဖွဲ့ဝင်အရေအတွက်ထက် တပ်ဖွဲ့ဝင်ခြောက်သောင်း ထပ်မံ တိုးမြှင့်ခန့်ရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ တိုးချဲ့လိုက်မည်ဆိုပါက ရဲတပ်ဖွဲ့အင်အား တစ်သိန်းငါးသောင်း အထိရှိလာမည်ဖြစ်ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်က မတ် ၂၆ ရက်တွင် ဖော်ပြသည်။

မလေးရှား ရဲတပ်ဖွဲ့တွင် လောလောဆယ် တပ်ဖွဲ့ဝင် အရေအတွက် ကိုးသောင်းသာရှိသည်။ သို့သော်လည်း ယင်းရဲတပ်ဖွဲ့ဝင် အရေအတွက်သည် ပြည်သူလူထုကို လုံခြုံမှုပေးရန် လုံလောက်မှု မရှိကြောင်း ရဲချုပ်မူဆာ ဟက်ဆန်က ပြောကြားသည်။

ထိုသို့ ရဲတပ်ဖွဲ့အင်အားတိုးချဲ့ခြင်းမှာ မှုခင်းများ ပိုမိုထိန်းချုပ်သွားနိုင်ရန်အတွက်ဖြစ်ကြောင်း၊ ရဲသင်တန်းကျောင်း ငါးခုကိုလည်း တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် တစ်နှစ်လျှင် ရဲသင်တန်းသားတစ်သောင်းလေးထောင်ကို နှစ်စဉ် သင်တန်းများပို့ချသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိသျှ ဧည့်သည်နှစ်ဦး ဇင်ဘာဘွေ၌ ဆင်တိုက်ခိုက်၍သေဆုံး

ဟာရာရေး မတ် ၂၉

ဇင်ဘာဘွေနိုင်ငံ၌ တောလည်ခရီးထွက်ကြသည့် ဗြိတိသျှခရီးသွား ဧည့်သည်နှစ်ဦးသည် ဆင်တစ်ကောင်က တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်သဖြင့် သေဆုံးခဲ့ကြောင်း၊ အခြားတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း နိုင်ငံပိုင် သတင်းစာတွင် မတ် ၂၆ရက်က ရေးသားဖော်ပြသည်။

အဆိုပါဖြစ်စဉ်မှာ ဇင်ဘာဘွေအနောက်ပိုင်း ဘော့ဆွာနာနယ်စပ် ဝှမ့်အမျိုးသားဥယျာဉ်၌ မတ် ၂၄ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ယင်းခရီးသွားများမှာ မည်သူမည်ဝါဖြစ်ကြောင်းကို အတည်ပြုမပေးနိုင်သေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံ အမျိုးသားဥယျာဉ်များရှိ ခရီးသွားလမ်းညွှန်များသည် ဆင်များ၊ ရေမြင်းများနှင့် မိကျောင်းများရန်မှ ကာကွယ်နိုင်ရန်အတွက် လက်နက်ကိုင်ဆောင်ခွင့်ပြုထားသည်ဟု ဆိုသည်။

ဒေါသထွက်နေသော ဆင်ပေါက်တစ်ကောင်သည် တစ်နာရီလျှင်၂၅မိုင်နှုန်းဖြင့် ပြေးလွှားတိုက်ခိုက်နိုင်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့တိုက်ကြီးခြောက်တိုက်ကို ဖြတ်ကျော်ပြေးသူ

ကမ္ဘာ့တိုက်ကြီး ခြောက်တိုက်ကို ဖြတ်ကျော်ပြေးနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

၎င်းသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ် ကိုချင်မြို့ ဆိပ်ကမ်းတစ်နေရာမှ ၂၀၀၃ ခုနှစ် ဧပြီမှ စတင်ကာ ဗြိတိန်နိုင်ငံသား ရောဘတ်ဂါဆိုက် အမည်ရှိ အမျိုးသားတစ်ဦးက ကမ္ဘာ့တိုက်ကြီး ခြောက်တိုက်ခရီးကို ပြေးနိုင်ခဲ့ရာ သုံးနှစ်ကျော် ကြာပြီးနောက် ကမ္ဘာပေါ်တွင် အရှည်ဆုံးခရီးကို ပြေးနိုင်သည့် ပထမဆုံး အမျိုးသားတစ်ဦး ဖြစ်လာကြောင်း သိရသည်။ **(အင်တာနက်)**



ကမ္ဘာ့အသေးငယ်ဆုံး ဟက်ဒစ်

ကမ္ဘာ့အသေးငယ်ဆုံး ဟက်ဒစ်တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ တိုရှီဘာ ကုမ္ပဏီက ထုတ်လုပ်ထားသော ဟက်ဒစ်ဒရိုက်လေး တစ်ခု၏ အရှည်မှာ ၀ဒသမ၈၅ လက်မခန့်သာရှိပြီး တံဆိပ်ခေါင်းအငယ် အရွယ်အစားသာရှိသည်။ ၎င်းဟက်ဒစ်ဒရိုက်လေးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မတ် ၁၆ရက် ညနေပိုင်းတွင် ဘားအံမြို့သို့ရောက်ရှိပြီး ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဘားအံမြို့၊ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်၍ မဲဘောင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။ ၎င်းနောက် မြိုင်ကြီးငူဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဇနအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

ထို့နောက် ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လိုက်ပါလျက် ကရင်

ထို့နောက် ညနေပိုင်းတွင် မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိစစ်ဆေးသည်။

အဝေးခန်းမ၌ မြဝတီမြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မတ် ၂၉ရက်က ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ နှစ်ပတ်လည်လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Mohammed Khairuzzaman** နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ဒေါနခန်းမ၌ကရင်ပြည်နယ် ခုနစ်မြို့နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ အတွင်းရေးမှူးများ၊ အမှုဆောင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

တက်ရောက်အားပေး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၁၇ရက် နံနက်ပိုင်းက (၆၂)ကြိမ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး အတွင်းအပြင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ တက်ရောက်အားပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၇ ခုနှစ် ဝက်သက်ရောဂါ ကာကွယ် နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် ပြည်နယ်အဆင့်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရောက်ရှိ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ လိုက်ပါလျက် မြဝတီမြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ နေ့လယ်ပိုင်းတွင် ရောက်ရှိသည်။

ဆက်လက်၍ မြဝတီမြို့နယ် ဇရပ်ဖြူရွာရှိ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းသို့သွားရောက် စစ်ဆေးကြည့်ရှုပြီး စာသင်ခုံများပြုလုပ်ရန်အတွက် ငွေများလှူဒါန်း၍ **(အပေါ်ပုံ)** ဇရပ်ဖြူကုန်း ဘုန်းကြီးကျောင်း၌ ဆရာတော်သံဃာတော်များအားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဦးထောက်ရှု၏ တစ်ရှူးကာခြား ငှက်ပျောစိုက်ခင်း နှစ်ဧက စိုက်ပျိုးထားရှိမှုအား ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ မြဝတီမြို့ ရွှေမြင်းဝန်ဘုရားသို့သွားရောက် ဖူးမြော်ပြီး ဘုရားရင်ပြင်တော်တန်ဆောင်း၌ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိပါလနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

ထို့နောက် ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌလိုက်ပါလျက် မြဝတီမြို့ အေးချမ်းဖြိုးဧည့်ရိပ်သာ အစည်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်တို့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလော၊ ပင်းတယ၊ တောင်ကြီးနှင့် အင်းလေးဒေသများရှိ ရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသူအမျိုးသမီးများနှင့် တွေ့ဆုံကာ အသိပညာပေး ဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ဝင်များနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တောင်ကြီးမြို့နယ် ဟမ်းဆီးကျေးရွာတွင် ဒေသခံတိုင်းရင်းသူများနှင့် စကားဝိုင်းဖွဲ့၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြစဉ်။

(အမျိုးသမီးရေးရာအဖွဲ့ချုပ်)

မတ် ၂၃ ရက်တွင် ကလောမြို့နယ် ရွာတော်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနတွင် ကျေးရွာရှိ ပအိုဝ်းတိုင်းရင်းသူ ၁၀၀ ခန့်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးပြီး အလှူငွေများ၊ သတင်းစာများ၊ ကက်ဆက်၊ ဘောပင်စသည့် လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ပင်းတယမြို့ ငှက်ပျောတောရပ်ကွက်သို့ ရောက်ရှိပြီး အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲများပြုလုပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အမျိုးသမီးရေးရာ အဖွဲ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ အတွင်း

ရေးမှူး ဒုတိယရဲမှူး ဒေါ်ဥမ္မာရင်မိက လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရှမ်းပြည်နယ် ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာမင်းယုအောင်က အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့သော အမျိုးသမီးရေးရာ ဝတ်စုံများနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ပြက္ခဒိန်များ၊ စာစောင်၊ မဂ္ဂဇင်းများကို လှူဒါန်းကြသည်။ အဆိုပါ ရပ်ကွက်မှလည်း အဖွဲ့ဝင် အဆိုပြုလွှာ ၃၀၀ ကို တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်ထံသို့ ပေးအပ်ကြသည်။

တက်ရောက်

ယင်းနောက် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းစွာ စကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။ ယင်းဆွေးနွေး ဟောပြောပွဲနှင့် စကားဝိုင်းသို့ အမျိုးသမီးအင်အား ၄၅၀ တက်ရောက်ကြသည်။

မတ် ၂၄ရက်တွင် တောင်ကြီးမြို့ရှိ ကျောင်းကြီးစုရပ်ကွက်သို့ သွားရောက်ပြီး ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တီဘီရောဂါ ဝေဒနာရှင်များအား ဆေးကုသခြင်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အာဟာရများကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ တောင်ကြီးမြို့နယ် ကျောက်တလုံးမြို့ ဟမ်းဆီးကျေးရွာတွင်လည်းကောင်း၊ မတ် ၂၅ ရက်တွင် အင်းလေးဒေသ ညောင်ရွှေမြို့နယ် ဟဲယာရွာမ ကျေးရွာတို့တွင်လည်းကောင်း၊ အလားတူ အသိပညာပေး ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြသည်။ ဟဲယာရွာမ ရေပေါ်ဈေးတွင် အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် လက်ကမ်းစာစောင်များကို ဝေငှပြီး၊ အဆိုပါ ရောဂါအကြောင်းကို အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါက်တာ ဒေါ်တင်မိမိခိုင်က ရှင်းလင်း ဟောပြောခဲ့သည်။ ထို့နောက် အမျိုးသမီးရေးရာ ဝတ်စုံများနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ပြက္ခဒိန်၊ စာစောင်၊ မဂ္ဂဇင်းများနှင့် အလှူငွေများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။ ဟမ်းဆီးကျေးရွာတွင် အမျိုးသမီးအင်အား ၄၀၀ တက်ရောက်ပြီး အဖွဲ့ဝင် အဆိုပြုလွှာ ၂၀၀ကိုလည်းကောင်း၊ ဟဲယာရွာမကျေးရွာတွင် အမျိုးသမီးအင်အား ၄၂၀ တက်ရောက်ပြီး အဖွဲ့ဝင် အဆိုပြုလွှာ ၂၀၀ ကိုလည်းကောင်း ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ အဖွဲ့ဝင်များသည် အင်းလေးဒေသ၊ နန့်ပန်ကျေးရွာ၊ လင်းရောင်ခြည် စာကြည့်တိုက်နှင့် ရပ်ရွာပညာပဒေသာဌာနသို့ သွားရောက်ပြီး အလှူငွေနှင့် ဂျာနယ်၊ မဂ္ဂဇင်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာစည်မြို့ ရွှေယင်မျှော်စေတီ ရွှေထီးတော်မွမ်းမံ မိတ္ထီလာမြို့ လက်ပံခေါင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် တာဝန်ရှိသူများလိုက်ပါ၍ မတ်၂၅ရက် နံနက် ၁၁နာရီက သာစည်မြို့နယ် ရွှေယင်မျှော်စေတီတော် သို့ရောက်ရှိပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ရွှေယင်မျှော် ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမနှင့် ရွာပုလဲကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနရသုခတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် စေတီတော်ကြီး၌ ကပ်လှူပူဇော်ရန် စေတနာရှင်များ စုပေါင်းလှူဒါန်းထားကြသော ရွှေဆိုင်းများနှင့် အောက်ခံကြေးပြားများကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှေသင်္ကန်းကပ်လှူ

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ရွှေယင်မျှော်စေတီတော်၏ ရွှေထီးတော် ပြုပြင်မွမ်းမံနေမှုကို ဖူးမြော်ကြည်ညို၍ ရွှေထီးတော်၌ ရွှေသင်္ကန်းများ စတင် ကပ်လှူပူဇော်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများနှင့် အတူ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် တောမကျေးရွာ ရေဆင်းလုံးသွယ် မျိုးသန့် နှမ်းစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်နှင့် ကျေးရွာမန်နေဂျာများက မိတ္ထီလာမြို့နယ်၏ နှမ်းစပါးစိုက်ပျိုးမှု၊ ဆည်ရေရရှိမှုနှင့် ပန်းတိုင်စပါး အထွက်နှုန်းကျော်လွန်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် တောင်သူများအား ကူညီဆောင်ရွက်ပေးရမည့်လုပ်ငန်းများ မှာကြားသည်။

ဆည်ရေပေး

မိတ္ထီလာမြို့နယ်၌ ယခုနှစ်နှမ်းစပါး ဧက၂၃၀၀ကျော် စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧက၂၀၀၀ ကျော်စိုက်ပျိုးပြီး ဖြစ်သည်။ ဆည်ရေကို မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ညောင်ကုန်းတမံ၊ လက်ခုပ်ပင်တမံ၊ ချောင်းကောက် ရေလှောင်တမံနှင့် ကန်တောင်ကန်တို့မှ ဆည်ရေ ပေးလျက်ရှိသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ထိုမှတစ်ဆင့် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် လက်ပံခေါင်းကျေးရွာ အမှတ်(၁၇၈) မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာအတတ်သင် သင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသူများ၊ ကျေးရွာ လူထုတို့နှင့် အတူ တက်ရောက်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရှေးဦးစွာ အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးကြည်မောင်၊ မိတ္ထီလာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကိုဖွင့်လှစ်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့သည် ကျောင်းသားကျောင်းသူများအား အာဟာရတိုက်ကျွေးနေမှု၊ ကျောင်းဆောင်သစ်နှင့် သောက်သုံးရေ၊ စက်ရေတွင်း၊ ကျောင်းအိမ်သာနှင့် ကလေး အားကစားကွင်းတို့ကို ကြည့်ရှုပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက်အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာလူထုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသား ပညာရည် မြင့်မားရေးအတွက် အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့က ပူးပေါင်း၍ ဒေသအလိုက် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကလည်း လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများနှင့် လက်တွေ့ရရှိနေသော ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များကို လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်ဝင်းက လက်ခံယူသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ မကျီးပင်ပု မူလတန်း ကျောင်းသားများအတွက် ကျောင်းသုံး သင်ခန်းစာ စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြည်သိန်းက လက်ခံယူသည်။

(သတင်းစဉ်)

ရွှေဟောင်း ဇမ္ဗူအေးစကြာရှင် ဆယ့်တစ်မီးငြိမ်းစေတီ ရင်ပြင်တော်ပေါ်တွင် အရံစေတီတော်များ အုတ်မြစ်ချ

ရန်ကုန် မတ် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပန်းတစ်ပွင့်တောင်ထွတ်ရှိ ရွှေဟောင်းဇမ္ဗူအေးစကြာရှင် ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ်ရင်ပြင်တော်ပေါ်၌ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူးတည်ဆောက်လျက်ရှိသော ကိုးတောင်ပြည့်အရံစေတီ ၂၇ ဆူ၊ နဂါးရုံဘုရားကိုးဆူနှင့် ဂြိုဟ်ခွင်ဘုရားရှစ်ဆူ၊ အုတ်မြစ်တော်စီမင်္ဂလာနှင့် ဂြိုဟ်ခွင်များတွင် သီတင်းသုံးမည့် ရုပ်ပွားတော်မြတ်များ ပင့်ဆောင်ပူဇော်ပွဲကို မတ် ၁၃ ရက်နံနက် ၁၀ နာရီက အဆိုပါစေတီတော်မြတ် အာရုံခံပတ်လမ်း၌ ကျင်းပရာ ပန်းတစ်ပွင့်တောင်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရနှင့်ပင့်သံဃာတော်များ၊ သီလရှင်များကြွရောက်တော်မူကြပြီး ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အရံစေတီ တစ်ဆူလှူျင် ငွေကျပ် ကိုးသိန်းဖြင့် ဦးကျော်လွင် (ဥက္ကဋ္ဌ-ရွှေပေါက်ကံစက်မှုဇုန်)-ဒေါ်သန်းသန်းတင့်၊ သမီး မဇင်မာဝင်း၊ သား မောင်ရန်ပိုင်အောင်၊ သမီး မဝင့်သဒ္ဒါကျော်မိသားစု(ကျော်မင်းဟိန်းစက္ကူစက်)၊ ဦးထိန်လင်း-ဒေါ်လင်ရှု့လွမ်းတို့အား ရည်စူး၍ ကျန်ရစ်သူ လသာမြို့နယ်မှ သားသမီး တစ်စု **(အပေါ်ပုံ)**တို့က ဆရာတော်ထံ အလှူငွေများကို ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် စိန်ပန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓတို့က အရံစေတီတော်များ၊ နဂါးရုံဘုရားများအား ရတနာအုတ်မြစ်များ စီပေးကြကာ ဂြိုဟ်ခွင်ရှစ်ခုတွင် သီတင်းသုံးမည့် ရုပ်ပွားတော်မြတ်များအား အလှူရှင်များ၏ မိသားစုများနှင့် အတူ ပင့်ဆောင်ပူဇော်ကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ကိုးတောင်ပြည့်အရံစေတီ ၂၇ ဆူနှင့် နဂါးရုံဘုရား ကိုးဆူအတွက် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော်ဖုန်း-၀၅၅-၂၀၂၅၉၊ ၂၀၅၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

ပြင်ဦးလွင် ကြူးဇက်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် မတ် ၂၉

ပြင်ဦးလွင်မြို့ ကြူးဇက်ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၈ရက် (စနေနေ့)ညနေ၅နာရီခွဲတွင် ပြင်ဦးလွင် Royal Diamond ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ကျောင်းသားကျောင်းသူဟောင်းများ အမြန်ဆက်သွယ်ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုထူးချွန်စွာ အောင်မြင်ကြသော သားသမီးများ၏ အမှတ်စာရင်းမိတ္တူ၊ ဓာတ်ပုံတို့ကို ရန်ကုန်မြို့ Salim + Swe Swe Than(နားကြားကိရိယာ ရောင်းဝယ်ရေး) ဖုန်း-၀၉၅၁-၆၆၄၁၆၊ ၀၁-၃၈၆၅၅၂၊ Anita Winn + Nilar Winnဖုန်း-၀၉၅၁-၉၅၉၆၉၊ ဒေါ်ကြည်ကြည်ဝင်း(ရွှေကျီးမှန့်ကြွပ်) ဖုန်း-၀၂-၂၇၀၈၅၊ မန္တလေးမြို့နှင့် ဦးဇော်ထွဏ်း(လောကနတ်-ပန်းချီ) ဖုန်း ၀၈၅-၂၂၉၀၀၊ ပြင်ဦးလွင် တို့သို့ ပေးပို့ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မေတ္တာမွန် ယဉ်ကျေးလိမ္မာသင်တန်း

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁) ရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်၏ ပဓာန နာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောက ဆရာတော်ဦးစီးဖွင့်လှစ်သော မေတ္တာမွန် ဘုန်းတော်ကြီးကျောင်း ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကို ဒုတိယအကြိမ် လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျမင်္ဂလာကျောင်းတိုက်တွင် မတ် ၂၆ ရက်မှ ဧပြီ ၁၂ရက်အထိ နံနက် ၈နာရီမှ ညနေ ၄နာရီအထိ သင်ကြားပို့ချလျက်ရှိရာ အသက်ခြောက်နှစ်မှ အသက်အရွယ်မရွေး မေတ္တာမွန် သင်တန်း၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကဇေယျမင်္ဂလာကျောင်းတိုက်(၁) ရပ်ကွက် လှိုင်မြို့နယ် ဖုန်း-၅၀၀၀၈၁နှင့် ဒေါ်ခိုင်ခိုင်အောင်(မေတ္တာမွန် သင်တန်းမှူး) ၇/က၂ လှိုင်မြစ်လမ်းသွယ်(၂) ၁ ရပ်ကွက် လှိုင် ရုံးခန်းအမှတ် ၂၃၈(၆)လွှာပြည်လမ်း မြေနီကုန်း(တောင်)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

အင်းစိန်အကျဉ်းထောင် နှစ်ထပ်ဆေးရုံဆောင် မွမ်းမံပြီးစီး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူ

အဆုတ်ရောဂါကုသဆောင် ပန္နက်တော်တင်

ရန်ကုန် မတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်၌ ငွေကျပ်၂၅၉သိန်းကျော် အကုန်အကျခံ မွမ်းမံပြင်ဆင်ပြီးစီးသွားသည့် နှစ်ထပ်ဆေးရုံဆောင် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် နှစ်ထပ်အဆုတ်ရောဂါကုသဆောင် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို မတ်၂၇ရက် နံနက်၉နာရီက အင်းစိန် ဗဟိုအကျဉ်းထောင်ရှိ အဆိုပါ ဆေးရုံဆောင်၌ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒစရိယ ဘဒ္ဒန္တ နန္ဒဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး သြဝါဒခံယူ၍ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆေးရုံဆောင် ရေသန့်လုပ်ငန်းအတွက် ဦးအောင်မြတ် (Mother Trading)က အလှူငွေကျပ် ၃၈၉၈၅၄၀ တန်ဖိုးရှိ ပစ္စည်းများကို လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ငွေကျပ်သိန်း ၇၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်မည့် နှစ်ထပ် အဆုတ်ရောဂါကုသဆောင်အတွက် ဦးကိုကိုကြီးနှင့်ဇနီး ဒေါ်မေရှင်တို့က အလှူငွေကျပ် သိန်း ၂၀၊ ဦးဇော်ဇော် (Max မြန်မာ)၊ သီရိသုခမ္မ မဏိဇောတရေ ဦးစိုးသိန်းနှင့်ဇနီး သီရိသုခမ္မသီဂိ ဒေါ်ခင်ချို အုန်းနှင့် ဦးရဲမျိုးဟန် (Diethelm & Co., Ltd.) တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ဒေါ်ခင်ဝင်းကြည်နှင့် ဒေါ်ခင်ဝင်းရီတို့က အလှူငွေကျပ်ငါးသောင်း၊ ဦးခင်မောင်စိုး (မြန်မာစည်သူ ကုမ္ပဏီ) က အလှူငွေကျပ် ငါးသိန်း၊ ဦးသန်းအုန်းနှင့်သားများ ကုမ္ပဏီ၊ ဦးသန်းထွန်းနှင့် ဇနီး ဒေါ်မိမိစိန်၊ ဦးကျော်ဟိန်းနှင့်ဇနီး ဒေါ်တင်တင်၊ ဦးစိုးစံနှင့် ဇနီး ဒေါ်စောလှိုင်ကြည် (ကော့သောင်းမြို့)၊ ဦးကျော်ဟိန်နှင့်ဇနီး ဒေါ်မြမြအေး (မြဝတီမြို့)၊ ဦးကျော်မြင့်နှင့် ဇနီး ဒေါ်ခင်စိန်ကြည် (ရန်ကုန်)နှင့် ဦးစီကတ်နှင့်ဇနီး ဒေါ်ကဲ(ကော့သောင်းမြို့) တို့က အလှူငွေကျပ် သုံးသိန်းစီ၊ ကျောင်း)နှင့် ဒေါ်ချိုတီတို့က အလှူငွေကျပ်နှစ်သိန်းစီ၊ ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းက အလှူငွေကျပ်ငါးသောင်း၊ အကောက်ခွန် ဦးစီးဌာနက ဘိလပ်မြေအိတ် ၁၀၀ နှင့် အလှူငွေကျပ် ခုနစ်သောင်း၊ ဦးကျော်အေး (AAA) ကုမ္ပဏီက အလှူငွေ ကျပ်သုံးသိန်း၊ ဦးစံရွှေနှင့် ဇနီး ဒေါက်တာဒေါ်သင်းသင်းခိုင်တို့က အလှူငွေကျပ်ငါးသိန်း၊ ဦးမြသိန်းနှင့် ဇနီး ဒေါ်ရီရီဝင်း(Gold Roast Coffee Mix) က အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်းအလှူငွေကျပ် ၉၉၇၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ညောင်ပင်သာဆရာတော် ဘဒ္ဒန္တ မာလာစာရ (မွေ့ာစရိယ) ထံမှ ပရိသတ်တို့က ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မင်္ဂလာ အချိန်တွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာများတွင် နှစ်ထပ်အဆုတ်ရောဂါကုဆောင်ကို ပန္နက်တော်များ တင်ပေးကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ရန်ကုန်မြို့၌ ရောက်ရှိနေသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Qin Guangrong နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၏ ပုဂံခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Qin Guangrong နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မန္တလေးမြို့ ရောက်ရှိ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်ပြီး အဖွဲ့ဝင် ၅၅ ဦးပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မတ် ၂၆ ရက် နံနက် ၉ နာရီက ကူမင်းမြို့မှ အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံ

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် နန်းမြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်အား တွေ့ဆုံ နှုတ်ဆက်သည်။

အမှတ်တရလက်ဆောင်

တွေ့ဆုံပွဲအပြီးတွင် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်သို့ ရောက်ရှိကြရာ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို လှည့်လည် ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးမြို့ လမ်း ၈၀ ရှိ ယူနန် ဗုဒ္ဓဘာသာ ဘုရားကျောင်းသို့ ရောက်ရှိကြရာ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းသက်နှင့် အမှုဆောင်များက ကြိုဆိုကြသည်။

ဆက်လက်၍ ဧည့်ခန်းမ၌ ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong က ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

လုပ်ငန်းရှင်များနှင့်တွေ့

ယင်းနောက် ဧည့်သည်တော်ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယူနန် ဗုဒ္ဓဘာသာ ဘုရားကျောင်း အစည်းအဝေးခန်းမ၌ မန္တလေးမြို့၌ နေထိုင်ကြသော ယူနန်၊ ဖူကျန့်၊ ကွမ်းတုံတို့မှ စီးပွားရေးလုပ်ငန်းရှင် တရုတ်အမျိုးသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ရှေးဦးစွာ ယူနန် ဗုဒ္ဓဘာသာ ဘုရားကျောင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းသက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

မိတ်ဆက်

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် လုပ်ငန်းရှင်များနှင့် တစ်ဦးချင်း မိတ်ဆက်၍ ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဘုရားကျောင်း ဒုတိယဥက္ကဋ္ဌနှင့် အမှတ်တရ လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ပြန်လည်ပေးအပ်

ထိုမှတစ်ဆင့် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးသည် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ ရောက်ရှိ၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရား ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးက အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ညပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ မသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုကဇာတ်ဌာနခွဲမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့တော်ဝန်တို့သည် ချစ်ကြည်ရေးခရီးစဉ် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပသော ရွှေတိဂုံ ပုံတူစေတီတော် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည် ကြွရောက်တော်မူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ကြွရောက်တော်မူ

ရန်ကုန် မတ် ၂၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆူမတ္တားကျွန်း မေဒန်မြို့၌ကျင်းပသော ရွှေတိဂုံ ပုံတူစေတီတော် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည် ကြွရောက်တော်မူလာကြသည်။

ဖူးမြော်ကြည်ညို

ဆရာတော် ဘဒ္ဒန္တကုမာရနှင့်အဖွဲ့အား နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ တပည့် ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖူးမြော်ကြိုဆိုပင့်ဆောင်ကြသည်။ **(သတင်းစဉ်)**

ကြိုဆို

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် အဖွဲ့ဝင်များအား မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မတ် ၂၅ ရက်က ကျောက်တံတားမြို့နယ် ၃၅ လမ်းအောက်ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်၌ ကျင်းပရာ Best Photographer of the year 2006 တွင် ဆုရရှိသူ ဂရပ်ဖစ် ဒီဇိုင်နာ အောင်မျိုး (FMPS) အား ရန်ကုန်မြို့တော်ဝန်၏ ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေက ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မဟာရွှေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ တည်ထားကိုးကွယ်သော ဆုတောင်းပြည့် မဟာရွှေစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနားကို မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ဘုရားကြီး၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို (နှောင်းတန်ခူးလပြည့်နေ့) ဧပြီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

■ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးယခင်ကပင် ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့သည့် သမိုင်းအစဉ်အလာရှိခဲ့ပြီး ယနေ့အချိန်အခါတွင်လည်း နယ်ပယ်အသီးသီး၌ ပူးပေါင်းဆက်ဆံမှု တိုးတက်များပြားလာသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။ ဤသို့ နှစ်နိုင်ငံ ကူးလူးဆက်ဆံလျက်ရှိရာတွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ် ကီလိုမီတာ အနေကို မျှော်မှန်းပြီး ပုံမှန်ကုန်သွယ်မှုစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရန် ပိုမိုလိုအပ်လာပြီ ဖြစ်ကြောင်း။

မိမိနိုင်ငံ အကြီးအကဲများကလည်း နှစ်နိုင်ငံကုန်သည်ချင်းဆွေမျိုးသားချင်းသဖွယ် အပြန်အလှန် ယုံယုံကြည်ကြည် ချစ်ခင်ရင်းနှီးစွာဖြင့် ယုံကြည်မှု တည်ဆောက်ပြီး ကုန်သွယ်မှုကို မှန်မှန်ကန်ကန်လုပ်ကိုင်ဆောင်ရွက်ရင်း နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေရန် လမ်းညွှန်ထားကြောင်း၊ အဆိုပါ လမ်းညွှန်ချက်နှင့်အညီ မိမိတို့အနေဖြင့် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်သည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုသည် အဆပေါင်းများစွာ ဆက်လက်တိုးတက်လာမှာ ဖြစ်သည်ဟု မျှော်လင့်ပါကြောင်း၊ ယူနန်ပြည်နယ်မှ မိတ်ဆွေများအနေဖြင့်လည်း မိမိတို့မျှော်လင့်သည့်အတိုင်း နှစ်ဖက်ကုန်သွယ်မှု သိသာစွာ တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်နေမည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

သတ္တုတွင်းလုပ်ငန်း ဓာတ်မြေဩဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်း မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် သတင်းနှင့် နည်းပညာ ပူးပေါင်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ-တရုတ် နှစ်နိုင်ငံ ကိုယ်စားလှယ်များ သဘောတူညီချက် စာချုပ်များကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ပေါင်း ၂၁၉၂ ထိစပ်နေတဲ့ ယူနန်ပြည်နယ် သည် တရုတ်နိုင်ငံရှိ အခြားပြည်နယ်များထက် မြန်မာနိုင်ငံနှင့် ကူးလူးဆက်ဆံမှု ပိုမိုများပြားပြီး ကုန်သည်လုပ်ငန်းရှင်များ အချင်းချင်း ဆက်ဆံမှုသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်နေသည်ကိုတွေ့ရမှာ ဖြစ်ကြောင်း။

ဤအခြေအနေမျိုးတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုအတွက် အားသစ်လောင်းခြင်းဖြစ်ပြီး နှစ်ဖက် ကုန်သွယ်ဆက်ဆံမှုများလည်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ကြောင်း။

ယခုတွေ့ဆုံဆွေးနွေးပွဲတွင် နယ်ပယ်အသီးသီးမှ ကုန်သည်လုပ်ငန်းရှင်များ ရင်းရင်းနှီးနှီး တွေ့ဆုံခြင်းအားဖြင့် နယ်ပယ်အသီးသီးပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု ပိုမိုဆောင်ရွက်နိုင်မည့် အခြေအနေတွေကိုဖန်တီးပေးမည့်ရလဒ်တွေပေါ်ထွက်လာမှာဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာ့ကုန်သွယ်ဆက်ဆံမှု အခြေအနေ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်အညီနယ်စပ်ဒေသကုန်သွယ်ကူးလူးဆက်ဆံမှုတွင် ရှေးယခင်က ကျင့်သုံးသည့် ပုံစံအစား နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှု အခြေအနေသို့ ပိုမိုတက်လှမ်းနိုင်ရေးအတွက် လှေကားထစ်တစ်ခုသဖွယ် ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း။

ကျင့်သုံးဆောင်ရွက်

ပုံမှန်ကုန်သွယ်မှုစနစ် တိုးတက်ကျင့်သုံးနိုင်ရေးအတွက် မိမိနိုင်ငံမှ ကုန်သည် လုပ်ငန်းရှင်များကို ပုံမှန်ကုန်သွယ်မှုစနစ် အလေ့အကျင့်များရအောင် ဆွေးနွေးလေ့ကျင့်ပြုပြင်ပေးလျက်ရှိကြောင်း၊နောင်တွင် GMS, ACMECS,ASEAN, BIMSTEC စသည့် ဒေသတွင်းနိုင်ငံအဖွဲ့အစည်းများနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လုပ်ငန်းများကျင့်သုံးဆောင်ရွက်သည့်အခါတွင် လိုက်လျောညီထွေဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး တတိယနိုင်ငံအထိ ကုန်သွယ်မှု ပြုခြင်းများလည်း ရှိလာမည်ဖြစ်သည့်အတွက် ၎င်းအခြေ ပါကြောင်း၊ ယူနန်ပြည်နယ်မှ မိတ်ဆွေများအနေဖြင့်လည်း မိမိတို့မျှော်လင့်သည့်အတိုင်း နှစ်ဖက်ကုန်သွယ်မှု သိသာစွာ တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်နေမည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ပေးအပ်

ဆက်လက်၍ရွှေလီရေအားလျှပ်စစ်ဆိုင်ရာလုပ်ငန်းအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ခွင့်ပြုမိန့်ကို ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping အား ပေးအပ်သည်။

လက်မှတ်ရေးထိုး

ထို့နောက် သတ္တုတွင်းလုပ်ငန်း၊ ဓာတ်မြေဩဇာနှင့် ဓာတုဗေဒဆိုင်ရာပစ္စည်း၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းနှင့် သတင်းနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာ-တရုတ်နှစ်နိုင်ငံ ကိုယ်စားလှယ်များက သဘောတူညီချက်စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ရုပ်သိမ်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးညှိနှိုင်း

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာ-တရုတ်နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို တကောင်းခန်းမတွင်လည်းကောင်း၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များသည် အရောင်းမြှင့်တင်ရေးလုပ်ငန်း၊ရေအားလျှပ်စစ်လုပ်ငန်း၊ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ လယ်ယာကဏ္ဍ၊ ဆေးဝါးလုပ်ငန်း၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ကုန်ထုတ်လုပ်မှုတို့ နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာ စားပွဲဝိုင်းများတွင် လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ညပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrongနှင့် အဖွဲ့ဝင်များ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအားကုန်သည်ကြီး များဟိုတယ် ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

အမှတ်တရ ဓာတ်ပုံရိုက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် အဖွဲ့ဝင်များ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပုဂံညောင်ဦးသို့ရောက်ရှိ

နေပြည်တော် မတ် ၂၉

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr.Qin Guangrong နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မတ် ၂၇ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးမြို့မှ အဲယားပုဂံလေယာဉ်ဖြင့် ညောင်ဦးမြို့သို့ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလှူငွေပေးအပ်

ထို့နောက် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြည်ညိုကာ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိကြည်ညိုကြ၍ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံ ဦးမျိုးညွန့်အောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဧည့်သည်တော်ယူနန် ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယွန်းထည်လုပ်ငန်းလေ့လာ

ယင်းနောက် ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဦးဘငြိမ်းယွန်းထည်လုပ်ငန်းသို့ရောက်ရှိကြပြီး ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြာသာဒ်ကြီးဘုရား ရင်ပြင်မှ ပုဂံ-ညောင်ဦးမြို့၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr.Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များလိုက်ပါလျက် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြသည်။

နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက်ဧည့်သည်တော်ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဝင်များသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

မြို့တော်ဝန်

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်ရှိ ပုဂံ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား တွေ့ဆုံနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင်များဖြစ်ကြသော ဦးကျော်စိုးနှင့် ဦးလှအေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Qin Guangrong နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား မတ် ၂၈ ရက် ည ၈ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိတော်ဝင်ကုမုဒြာ ဟိုတယ်၌ ညစာဖြင့်တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။

လဲလှယ်

ညစာသုံးဆောင်အပြီးတွင် ဒုတိယဝန်ကြီးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။ **(သတင်းစဉ်)**

မုံလယ်တောရ ဓမ္မရိပ်သာ (ယောဆရာတော်) တရားပွဲ

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရွှေကျင်ဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်သည် ဧပြီ ၁၉ ရက် (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့) ပဲခူး(၁၀) မိုင်ကုန်း မုံလယ်ဆရာတော်ကြီး၏ မုံလယ်တောရဓမ္မရိပ်သာရှိ သုံးထပ် သံဃာကျောင်းဆောင်အား လှူဒါန်းထားကြကုန်သော အလှူရှင် အသီးသီးတို့အားလုံး ကြွရောက်ပါရန်နှင့် အကြိုစုပေါင်း ကျောင်းရေစက်ချပွဲတွင် ယောဆရာတော်က မွန်းတည့် ၁၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၂၄၇၅၇၆၊ ၂၅၂၅၈၈၊ ၂၅၀၁၃၀ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပန်းနိုင်ငံ၏ ပန်းပြည်နယ်

ရတနာစည်ဆရာတော်
(လှိုင်လင်)

ပန်းနိုင်ငံ

ပန်းဟူသည် အရောင်အသွေးရှိခြင်း၊ လှပခြင်းနှင့် ပွင့်လန်းခြင်းဟူသော ဂုဏ်ရည်သုံးရပ်ရှိရမည့်အပြင် အမြင့်ဆုံးဂုဏ်ရည်ထူးအဖြစ် မွှေးကြိုင်သင်းပျံ့ခြင်းနှင့်လည်း ပြည့်ဝရမည်ဖြစ်၏။ သို့မှသာ ဆံကေသာ ကျော့ကျော့မှာ မော့မော့စံမြန်းသည့် ပန်းမည်ပါ၏။

ပန်းများကို လူသားနှင့်တင်စား၍ ပန်းနှင့်တူသူ လူသားများနေထိုင်ရာ မြေကိုလည်း ပန်းမြေ(သို့မဟုတ်) ပန်းနိုင်ငံဟု ဆိုနိုင်သည်သာဖြစ်၏။ သို့ဆိုလျှင် ဤပြည်ထောင်စုမြန်မာနိုင်ငံသည် ပန်းနိုင်ငံ ဖြစ်ပါသည်ဟု ဤအရှင်တို့ ဆိုပါမည်။

မြန်မာ့ပန်းအရောင်အသွေး

မြန်မာဟူသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ကို ခြုံခေါ်သော သဗ္ဗနာမ်ဖြစ်၏။ ယင်းမြန်မာသည် ထွားသန့်လာပြီးနောက် အမေကိုချစ်၏။ အဖေကိုချစ်၏။ ကိုယ့်အထက်မှ အစ်ကို၊ အစ်မများကိုချစ်၏။ ကိုယ့်အောက်မှ ညီ၊ ညီမများကို ချစ်၏။ သို့ဖြင့် ချစ်ခြင်းတရားသည် တစ်မိသားစုလုံး၊ တစ်အိမ်လုံးအထိပြန့်၏။ ထိုမှ အိမ်နီးချင်းများအထိ ပြန့်ပွားပြီး တစ်ရွာလုံး၊ တစ်ရပ်လုံး၊ တစ်မြို့လုံး၊ တစ်နယ်လုံး တစ်နိုင်ငံလုံးအထိ ချစ်ခြင်းတရား ပြန့်ပွား၏။

ယင်းချစ်ခြင်းတရားကို မူလဘူတပြု၍ တစ်နိုင်ငံလုံး အေးချမ်းသာယာစေလိုသော ဆန္ဒဓာ၊ နိုင်ငံကို မည်သူ၏ အနှောင့်အယှက်မှ မခံလိုသော ဆန္ဒဓာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကောင်းကျိုးတိုးပွံ့မှုကိုသာ မြင်လို၊ ကြားလို၊ ဖြစ်စေလိုသော ဆန္ဒဓာတို့သာ ခဏမစဲ စောလျက်ရှိနေ၏။ ယင်းဓာစိတ်ကို အမည်တပ်သော မျိုးချစ်စိတ်ဟု ဖြစ်လေ၏။ ယင်းမျိုးချစ်စိတ်များ သိပ်သိပ်သည်းသည်း ပေါင်းစည်းကျစ်လျစ်သလောက် မြန်မာ့ပန်းအရောင်အသွေးလည်း တောက်ပရွှန်းလဲ့လေ၏။

မြန်မာ့ပန်းအလှ

မြန်မာသည် မြတ်ဗုဒ္ဓ၏အဆုံးအမများကို နှလုံးသားဖြင့်ခံယူနိုင်စွမ်းရှိခဲ့၏။ ထို့ကြောင့် မြန်မာ့နှလုံးသား၌ ဓမ္မအလှတရားတို့သည် လျှံဝေယိုစီး နေတော့သည်။

ရတနာသုံးပါးအပေါ်၊ မိဘများအပေါ်၊ ဆရာများအပေါ် လေးလေးစားစား သဘောထားဆက်ဆံတတ်သည့် ဂါရဝအလှမှတစ်ဆင့် ရပ်ရွာအကြီးအကဲ၊ ဒေသအကြီးအကဲ၊ နိုင်ငံအကြီးအကဲများအပေါ် လေးလေးစားစား သဘောထားတတ်သည့် ဂါရဝအလှတရားအထိ အလှအဆင့်ဆင့်မြင့်မားစွာတည်ရှိ၏။ ယင်းအလှတရားတို့နှင့်အတူ မကောင်းသူကြဉ် ကောင်းသူခင်တတ်သော ဆက်ဆံမှုအလှ၊ မကောင်းမှုကြဉ် ကောင်းမှုယှဉ်တတ်သော ဆင်ခြင်တုံအလှ၊ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးတတ်သည့် ဝီရိယအလှတို့ဖြင့် မြန်မာသည် အလှတကာတို့တွင် အထွတ်တင်လေ၏။

မြန်မာ့ပန်းအပွင့်

ပန်းဟူလျှင် ပွင့်မှ ပိုလှ၏။ နှုတ်ခမ်းဟူလျှင် ပွင့်မှသာပိုလှ၏။ မြန်မာ့နှုတ်ခမ်းလွှာသည် ပြုံးပွင့်တို့ဖြင့် အစဉ်ထာဝရ လန်းလျက်ရှိ၏။ မြန်မာ့မြေဝယ် ပြုံးပန်းတို့ဝေနေပုံကို မျက်မြင်တွေ့ ထိတွေ့ရသောအခါ နိုင်ငံတကာသားတို့သည် တအံ့တအား တမြတ်တနိုး ညွတ်နူးကြရကုန်၏။

ယင်းပြုံးပွင့်အပြင် အခြားဝိသေသပြုံးပွင့်တစ်ပွင့်လည်း ရှိသေး၏။ မြန်မာ့နှုတ်ခမ်းလွှာ၏ ပြုံးပွင့်မဟုတ်သော မြန်မာ့လက်ရုံး၏ ပြုံးပွင့်ဖြစ်၏။ သတ္တိပန်းပွင့်လန်းလျက်ရှိနေခြင်းကို ဆိုလိုပါသည်။ မြန်မာသည် ဘယ်သောကာလမှာမဆို ရန်အန္တရာယ်ကို အရှုံးမပေးတတ်။ အနှောင့်အယှက်ကို စိတ်မပျက်တတ်။ အဖျက်အဟန့်ကို စိတ်မလန့်တတ်၊ သတ္တိရှိရှိ အမှန်တရားလမ်း၌ လျှောက်လှမ်းနေတတ်သူများဖြစ်ကုန်၏။

ပြုံးပွင့်တဝေဝေဖြင့် မိတ်ဆွေလူကောင်းဟု သူ့အပေါ်သဘောထားပါလျက် သူကတစ်စုံတစ်ခု ရန်ပြုလာပါမူကား လက်ရုံး၏သတ္တိပန်းက ချက်ချင်းလန်းပွင့်လာလေ့ရှိသည့်နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်ပါသည်။

ယင်းသို့သော မြန်မာ့ပန်းအရောင်အသွေး၊ မြန်မာ့ပန်း အလှအပ မြန်မာ့ပန်း အပွင့်အလန်းတို့ကြောင့် မြန်မာနိုင်ငံသည် ပန်းနိုင်ငံ-နိုင်ငံသားတို့သည် ပန်းလူသားများအဖြစ် သမိုင်းတစ်လျှောက် ထွန်းတောက်ထိန်လင်းသည့် ဂုဏ်သတင်းတို့ဖြင့် ထုံသင်းကြိုင်လှိုင်ခဲ့ရာ ယနေ့တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံ့အရောင်အသွေး၊ နိုင်ငံ့အလှအပ၊ နိုင်ငံ့အပွင့်အလန်းတို့ သိန်းသန်းကုဋေ ဝေလာနေပုံများကား ပြောမကုန်ရေးမခန်းပါပေ။

ပန်းမြေပုံ

မြန်မာနိုင်ငံ၏ မြေပုံကို ရုတ်တရက်ကြည့်လျှင် ပန်းပွင့်တစ်ပွင့်နှင့်တူနေကြောင်း ကြည့်တတ်သူ မြင်လိမ့်မည်။ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့က ပန်းပွင့်၏ အညှာသဖွယ်ဖြစ်ကာ အထက်လက်ဝဲဘက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အစပ်၊ အထက်လက်ယာဘက် ရှမ်းပြည်နယ် အရှေ့စွန်းတို့က ဝဲ-ယာပွင့်ဖတ်များသဖွယ်ဖြစ်ပြီး စစ်ကိုင်းတိုင်း(အထက်)နှင့် ကချင်ပြည်နယ်တို့က ပန်းပွင့်၏ ထိပ်ဖူးငုံသဖွယ် တည်ရှိနေသည်မှာ တကယ့်ရတနာပန်းပွင့်ကြီးတစ်ပွင့်ဖြစ်လျက်ရှိနေပါသည်။

သွယ်လျသော ညှာတံအထက် ဝဲ-ယာပွင့်ဖတ်များနှင့်အတူ ဖူးငုံကြွကြွ အလှကုဋေ မြန်မာ့မြေ၊ တိုင်းရင်းသားတွေ ပြုံးပွင့်ဝေ ဘယ်သူခြွေခြွေ ဘယ်မကြွေ။

ပန်းထောင်ပွင့်ကြွယ် ရှမ်းပြည်နယ်

မြန်မာ့မြေပုံ၏ လက်ယာဘက်ပွင့်ဖတ်သဖွယ် ဖြစ်တည်လျက်ရှိသည့် ရှမ်းပြည်နယ်သည်ကား စတုရန်းမိုင်ပေါင်း ၆၀၁၅၅ အကျယ်အဝန်းဖြင့် တင့်ရွှန်းလှပစွာ မြန်မာ့အရှေ့မျက်နှာအဖြစ် တည်ရှိ၏။ တိုင်းရင်းသားမျိုးနွယ်စုအများအပြား စုစုစည်းစည်း ချစ်ချစ်ခင်ခင် ယှဉ်တွဲနေထိုင်တည်ရှိကြရာ ပြည်ထောင်စုငယ်တစ်ခုသဖွယ် ဖြစ်လေ၏။

တောင်လည်းသာမော၊ တောလည်းသာနေ၊ ရေလည်းသာစွ၊ အလှပွင့်ကြွယ် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့သည်ကား အလှပဆုံးမြို့တော်၊ အသန့်ရှင်းဆုံး မြို့တော်၊ ရှုခင်းအသာဆုံးသောမြို့တော်ကြီးအဖြစ် သစ်လွင်တောက်ပလာလျက်ရှိနေပြီ။ ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့တော် လားရှိုးမြို့နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့တော် ကျိုင်းတုံမြို့တို့သည်လည်း ယနေ့တပ်မတော်အစိုးရလက်ထက် ရောက်လာမှသာ တောက်ပဝင့်ဝဲသည့် မြို့ကြီးများဖြစ်လာလျက်ရှိ၏။

ရှမ်းပြည်နယ်တစ်ခုလုံး စုစုပေါင်းခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၄ မြို့နယ်၊ မြို့ ၅၄ မြို့၊ ရပ်ကွက် ၃၃၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆၂၆ အုပ်စု၊ ကျေးရွာ ၁၅၅၁၃ ရွာတို့၌ လူဦးရေပေါင်း ၅၂၆၃၀၀၀ ခန့်နေထိုင်လျက်ရှိကြရာ ပျမ်းမျှလူဦးရေသိပ်သည်းမှု နှုန်းအားဖြင့် တစ်စတုရန်းမိုင်မှာ ၈၈ ယောက်ဖြစ်ပါသည်။ လူတစ်ဦးချင်း သက်သောင့်သက်သာကျယ်ကျယ်ပြန့်ပြန့် လေကောင်းလေသန့် သန့်ပြန့်သော လူနေမှုဘဝဖြစ်ပါသည်။

အလှူအတန်းရက်ရောသော ရှမ်းပြည်နယ်သားတို့၏ အိမ်တိုင်းဝယ် အိမ်ကျက်သရေဆောင်သည့် ဘုရားဆောင်ပင်ဖြစ်တော့သည်။ ဘုရားဆောင်၌ ကိုးကွယ်ထားသော ရုပ်ပွားတော်အား နံနက်မှာဆွမ်း၊ ညရေချမ်းပန်းတလွင်လွင် သဒ္ဒါဆင်ထားသည်မှာ နေ့စဉ်နိစ္စဘတ်ဖြစ်တော့သည်။ မြို့တိုင်း၊ ရွာတိုင်း ရဟန်းသာမဏေများအား ပစ္စည်းလေးပါး အဆက်မပြတ် လှူဒါန်းခြင်း၊ အခါကြီးရက်ကြီးများတွင် ဘုရားသွား ကျောင်းတက် ဝတ်မပျက်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပေါင်းစုညီညာစွာ ပြုတတ်ကြခြင်းတို့သည် ရှမ်းပြည်နယ်၏ အလှတစ်သွယ် ဖြစ်တော့၏။

ကုသိုလ်ရေး၌ စည်းလုံးခြင်း၊ လူမှုရေး၌ စည်းလုံးခြင်းတို့ဖြင့် စည်းစည်းလုံးလုံး စုစုရုံးရုံးဖြစ်တည်ခဲ့သော အနေအထားဝယ် လွတ်လပ်ရေးအကြို ခရီးတစ်လျှောက် ပင်လုံဒေသတွင် ပြည်ထောင်စုစိတ်ဓာတ်ပြန်လည်နိုးကြားခဲ့ရသော သမိုင်းပွင့်သည်လည်း ရှမ်းပြည်နယ်၏ အလှတစ်ပွင့်ပင် ဖြစ်၏။ ရှမ်းပြည်နယ်မှာ စတင်၍ ပြန်လည်ရှင်သန်ခဲ့ရသော ယင်းပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုရှင်သန်အောင်၊ ပိုမိုခိုင်မာအောင်၊ ပိုမိုကျယ်ပွားအောင် ရှမ်းပြည်နယ်သား (ဇာတိ၊ ပဝတ္တိ)အားလုံး၌ ပိုမိုတာဝန်ရှိသည်ဟူသော အသိမှန်၊ အမြင်မှန်ကို သားစဉ်မြေးဆက် အမွေပေးအပ်နိုင်ရန်ကား ယနေ့ရှမ်းပြည်နယ်ရှိ မိဘတိုင်း၏တာဝန်ဖြစ်တော့သည်။

ဒေသစွဲ၊ လူမျိုးစွဲစိတ်မျိုး လုံးဝကင်းစင်စေလျက် လူမျိုးပေါင်းတစ်ရာကျော် နေပျော်ရာ ဒို့ပြည်ထောင်စုအဖြစ် ပြည်ထောင်စုချစ်စိတ်များ နိုင်ငံသားအားလုံး နိုးကြားရှင်သန်နေကြရပါမည်။

ယနေ့တပ်မတော်အစိုးရအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုကျဉ်းမြောင်းစေကာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေး အဖုံဖုံတို့ကို နိုင်ငံလွှမ်းခြုံ ကဏ္ဍစုံ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုပါ အမြော်အမြင်ရှိရှိ အချိတ်အဆက်မိမိ ထိထိရောက်ရောက် ကွက်လပ်မကျန် ဆောင်ရွက်ပေးနိုင်လျက်ရှိသောကြောင့် ဒေသခံများ၊ တိုင်းရင်းသားများ၊ ပြည်သူများအားလုံး ပြည်ထောင်စုကြီးတစ်ခုလုံးကိုပါ လွှမ်းခြုံမြင်တတ်၊ မြတ်နိုးတတ်သည့် မြင့်မြတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာလာကြကုန်ပြီ။

ယနေ့တပ်မတော်အစိုးရ နယ်စပ်ဖွံ့ဖြိုးရေးဒေသ ၁၀ ခုဖွင့်ကာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးခဲ့သည့် ငွေကြေးတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၆၃၄၇ ဒသမ ၇၃ သန်းဖြစ်ပါသည်။ (၂၀၀၅-အထိသာ)။

ယင်းနှင့်တစ်ဆက်တည်း တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ရှမ်းပြည်နယ်အလယ်ပိုင်း၌ ကွက်လပ်သဖွယ် ကျန်ရစ်နေသော ပင်လုံဟူသည့် ဒေသကြီးလေးခုကို အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအတွင်း ထည့်သွင်းလျက် တက္ကသိုလ်ကြီးတစ်ခုစီ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် တစ်ခုစီအပြင် ခုတင် ၂၀၀ အထူးကု ဆေးရုံကြီးတစ်ရုံစီတို့ကို တည်ဆောက်ဖြည့်ဆည်းပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက် (၅)ရပ်နှင့်ပါ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သောကြောင့် ယနေ့ရှမ်းပြည်နယ်သည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ထက် အဘက်ဘက်မှာ တိုးတက်သာယာနေလေပြီ။ ဒေသခံပြည်သူများအားလုံးအနေဖြင့် ပြည်ထောင်စုကြီး တစ်ခုလုံးကိုပါ ကြည့်တတ်၊ မြင်တတ် မြတ်နိုးတတ်သော မြင့်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်များ မြင့်မြင့်မားမား ဝင့်ဝင့်ထွားထွား စွင့်ကားလန်းပွင့်နေပါချေပြီ။

သို့ဖြင့် ပန်းနိုင်ငံ၏ ပန်းပြည်နယ်အဖြစ် ထွန်းသစ်လာလျက်ရှိသော ပန်းထောင်ပွင့်ကြွယ် ရှမ်းပြည်နယ်ထဲမှ ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မြင့်မြေ၌ ပန်းထောင်ပွင့်ဝေနေပုံတို့ကို ဆက်လက်၍ ကိုယ်တွေ့မှတ်တမ်းတင်ပါဦးမည်။ ။

ယနေ့တပ်မတော်အစိုးရအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုကျဉ်းမြောင်းစေကာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေးအဖုံဖုံတို့ကို နိုင်ငံလွှမ်းခြုံ ကဏ္ဍစုံ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုပါ အမြော်အမြင်ရှိရှိ အချိတ်အဆက်မိမိ ထိထိရောက်ရောက် ကွက်လပ်မကျန် ဆောင်ရွက်ပေးနိုင်လျက်ရှိသောကြောင့် ဒေသခံများ၊ တိုင်းရင်းသားများ၊ ပြည်သူများအားလုံး ပြည်ထောင်စုကြီးတစ်ခုလုံးကိုပါ လွှမ်းခြုံမြင်တတ်၊ မြတ်နိုးတတ်သည့် မြင့်မြတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာလာကြကုန်ပြီ။

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန် မာ ကျောင်း (မူ လ ကျောင်း ဟောင်း)အနောက် ဘက် တိုးချဲ့ မြေ နှစ်ဧကဝယ်ယူရန် နှင့် သာသနိက အ ဆောက် အ အုံ များဆောက်လုပ်ရန် အတွက် ရန်ကုန် တိုင်းသင်္ဃန်းကျွန်း မြို့နယ် သုမင်္ဂလာ အိမ်ရာ အမှတ် (၉၁) သုမင်္ဂလာလမ်းနှင့် သုနန္ဒာ ၆ လမ်းထောင့်နေ ဖခင်ကြီး ဦးကျားအားရည်စူး၍ မိခင်ကြီး ဒေါ်အုန်းခင်၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ၅၅၅၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဘဒ္ဒန္တဉာဏိန္ဒ (ဗုဒ္ဓဂယာဆရာတော်)အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဗုဒ္ဓဂယာမြန်မာကျောင်း ပဓာန နာယကဆရာတော် အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၂၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E Mr. Qin Guangrong နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E Mr. Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

လျှပ်စစ်ပစ္စည်းဝယ်ယူရန် စာချုပ်လက်မှတ်ရေးထိုးပွဲ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

ရန်ကုန် မတ် ၂၉

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Angelique International Ltd. တို့၏ သဘောတူ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးခန်း၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

လက်မှတ်ရေးထိုးပွဲသို့ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် Angelique International Ltd. မှ Vice President,Mr.Pradeep Arya တို့က မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ကြီးအုံ-ကြီးဝ မန်း(၁၃၂)ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးအတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းများ ဝယ်ယူရေးအတွက် သဘောတူ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါ့တာ ငါ့သွေး ငါ့ရေဝတီ သမ္မတနှင့် သွင်ရုံများတွင် ဆက်လက်အောင်ပွဲခံ

ရန်ကုန် မတ် ၂၉

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်း မရှိဘဲ ပြသဆဲ **ငါ့တာ ငါ့သွေး ငါ့ရေဝတီ** ဇာတ်ကား သမ္မတနှင့် သွင်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။ နယ်ချဲ့တော်လှန်ရေး ရာဇဝင်ဇာတ်ကားဖြစ်ပြီး ကျော်သူ၊ ကျော်ရဲအောင်၊ လူမင်း၊ မျိုးသန္တာထွန်းနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဂျက်ကီချန်း ပါဝင်သရုပ်ဆောင်ထားသော Rob-B-Hood ဇာတ်ကား မင်္ဂလာအဆင့်မြင့်ရုံတွင် ဝင်လာသည်။ စိန်မှောင်ခိုဂိုဏ်းတို့၏ သည်းထိတ်ရင်ဖို စွန့်စားခန်းကို ရိုက်ကူးတင်ဆက်ထားသော Blood Diamond ဇာတ်ကား နေပြည်တော်ရုံတွင် ဆက်လက် ပြသနေသည်။ ရွှေဆောင်ရုံတွင် ၂၀၀၆ခုနှစ်အကောင်းဆုံး ဆုလေးဆုရ အိန္ဒိယ ဇာတ်ကား Dhoom-2 ဇာတ်ကား ဆက်လက်ပြသနေသည်။

ရုပ်ရှင် သတင်းထောက်

ရွှေဂုန်ရုံ (အပေါ်ထပ်)တွင် ဂျိမ်း(စ်)ဘွန်းမင်းသား Roger Moore ပါဝင်သရုပ်ဆောင်ထားသော Octo-pussy ဇာတ်ကား တစ်ကျော့ပြန်ရုံဝင်လာသည်။ ရွှေဂုန်ရုံ (မြေညီထပ်)တွင် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား Pyaasa ရုံဝင်လာသည်။ မြို့မတန်းမြင့် ရုပ်ရှင်ရုံတွင် Ashay kumar,Mahima Choudary တို့ပါဝင် သရုပ်ဆောင်ထားသော Khiladi-420 ဇာတ်ကားရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**

ငါ့တာ ငါ့သွေး ငါ့ရေဝတီ ဇာတ်ကားမှ ကျော်သူ၊ ကျော်ရဲအောင်နှင့် လူမင်း။

ကွမ်းလုံမြို့တွင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ တတိယအကြိမ်မြောက် အသံမစဲ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက မဟာဝံသကမ္ဘောဇလောကသရဖူဆောင်တော်မူ စေတီတော်ရင်ပြင်၌ ကျင်းပပြီး အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပွဲ အောင်ပွဲအဖြစ် မတ် ၁၃ ရက်က ဆရာတော်၊ သံဃာတော်အပါး ၅၀ တို့အား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်း လောင်းလှူကြောင်း သိရသည်။

မိုးကောင်းတွင် နှစ်လက်မ စက်ရေတွင်းဖွင့်

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၁ ဒသမ ၂၅ သိန်း အကုန်အကျခံကာ ကျွန်းပင်သာကျေးရွာအုပ်စု၌ ဆောင်ရွက်ပြီးစီးသည့် နှစ်လက်မ စက်ရေတွင်းသစ်ဖွင့်ပွဲကို မတ် ၁၅ ရက် နံနက် ၈ နာရီက အဆိုပါစက်ရေတွင်းရှေ့မှခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

ရေတာရှည်၌ နှမ်းပေါ်လူမှုထားချက်ပြည့်မီကျော်လွန်

ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင်(၂၀၀၆/၂၀၀၇)ခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားဧက ၂၅၀၀၀ ရှိရာ မတ် ၁၅ ရက်အထိ စိုက်ပျိုးပြီးဧက ၂၅၄၉၂ ဧက ဖြစ်ပြီး မြို့နယ် လျာထားဧကထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

ဒီပဲယင်းမြို့နယ် အားကစားကွင်း ရေစင်တည်ဆောက်

ရွှေဘိုခရိုင် ဒီပဲယင်းမြို့ အားကစားကွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရေတင်မြက်မွေးခြင်းပြုလုပ်ငန်းဆောင်ရွက်ရန် အားကစားဝန်ကြီးဌာန ခွင့်ပြုငွေကျပ် ၁၁ သိန်း အကုန်အကျခံ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအားလုံးပြီးစီးရန် မြို့နယ်အား/ကာ ရုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျောက်ကြီးမြို့တွင် အုတ်ရေကန်ဖွင့်

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပြီးစီးခဲ့သော ရေဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက်က သိမ်တန်းရပ်ကွက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စည်ပင်အရာရှိက ရပ်ကွက်ဥက္ကဋ္ဌအား အုတ်ရေကန်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

မိတ္ထီလာ၌ နွေရာသီ သင်တန်းပေါင်းစုံဖွင့်

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီက ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။ သင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ကရာတေး၊ မြန်မာ့သိုင်း၊ အေရိုးဗစ်၊ ဂျပန်စကားပြော၊ အင်္ဂလိပ်စကားပြော၊ ကဗျာလွတ်၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ အခြေခံစည်းရုံးရေး၊ အမျိုးသားယဉ်ကျေးမှု၊ စာရိတ္တပညာ (ပ)အဆင့်၊ စာရိတ္တပညာ (ဒု)အဆင့်၊ စသည့်သင်တန်း ၁၄ မျိုးဖြစ်ပြီး သင်တန်းအသီးသီးသို့ သင်တန်းသား သင်တန်းသူ ၄၉၀၀၆ ဦး တက်ရောက်ကြောင်း သိရသည်။

မိုးမောက်၌ ဆိုင်ကယ်မှောက်၊ မောင်းသူသေဆုံး

မိုးမောက်မြို့ ကြေးနန်းရပ်ကွက်တွင် မတ် ၆ ရက် မွန်းလွဲ ၂ နာရီက ဆိုင်ကယ် တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကျခန်းဒတ် ကျေးရွာတွင် နေထိုင်သူ ဒေါ်ခေါန်ဂျာ (၃၈)နှစ် (ဘ) ဦးအင်ခွမ်ယော်သည် ကျခန်းဒတ် ကျေးရွာမှ ဗန်းမော်သို့ ရှုပါကပ် ဆိုင်ကယ်(နံပါတ်မပါ)ဖြင့် မောင်းနှင်လာရာ မိုးမောက်မြို့ ကြေးနန်းရပ်ကွက် မိုင်တိုင်အမှတ် (၁၅၄၅) အရောက် ပရဟိတ ဘုန်းတော်ကြီး ကျောင်းရှေ့ ကားလမ်းဘေးဧရာင်ပင်ကြီးကွေ့ အုတ်ခုံကြားမှ ဧရာင်ပင်အား တိုက်မိသဖြင့် တာဝန်သိပြည်သူများက ဒေါ်ခေါန်ဂျာအား မိုးမောက်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ မိုးမောက်မြို့နယ်ရဲစခန်းမှ ဒုတိယရဲအုပ် ကျော်သီဟသွေးက တရားလိုပြုကာ သေမှုသေခင်း အမှတ်စဉ် (၁/၂၀၀၇)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေး

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဒေါ်စောလှနှင့် မြို့နယ် တိရစ္ဆာန်ကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံတို့လိုက်ပါလျက် မတ် ၈ရက် နံနက် ၁၀နာရီက ဝက်လက်မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်နှင့် အသားဆိုင်များသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်း၊ ကြက်ငှက်တုပ်ကွေး ရောဂါ ပညာပေးကြပြီးနောက် ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ် တားဆီးရေးအတွက် ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လဟယ်မြို့နယ် ရဲတပ်ဖွဲ့စခန်း စစ်ဆေး

ရန်ကုန် မတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း လဟယ်မြို့နယ် လဟယ်ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိ၍ လဟယ်ရဲတပ်ဖွဲ့စခန်း ဗဟိုကင်းအား ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းမှာကြား

ဝန်ကြီးက နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများတွင် မြို့များ၌သာမက ကျေးလက်များပါမကျန် ပြည်သူ့ဘဝ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု ယုံကြည်လေးစားအားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လဟယ်မြို့နယ် လဟယ် ရဲတပ်ဖွဲ့စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်ထဲရေး)

THE LIVE NEWS ဂျာနယ် အမှတ်(၃၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၉

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် THE LIVE NEWS ဂျာနယ်အမှတ်(၃၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ ဇောဓိတစ်ထောင် သာသနာ့နယ်မြေတွင် တည်ထားကိုးကွယ်မည့် ကိုရီးယားနိုင်ငံမှလှူဒါန်းသောဆင်းတုတော်များ၊ ဂျပန်မှ စာလုံးလှရေးနည်းပညာရှင် မြန်မာနိုင်ငံသို့ လာရောက်သင်ကြားပေးမည်၊ ဘွဲ့ရကျောင်းသားများ ပြည်ပပညာ အခမဲ့သင်ကြားနိုင်၊ ကုမ္ပဏီကိုယ်စားလှယ်ကတ် သက်တမ်းတိုးလျှင် M.D ကိုယ်တိုင်လက်မှတ်ထိုး၍ ထုတ်ယူခွင့်ရှိ၊ 3D Fund မှ ဒေါ်လာသန်း ၂၀ မြန်မာနိုင်ငံအတွက် လှူဒါန်းမည်၊ စာတော-ပေတောသို့ ပထမခြေလှမ်း၊ အသံထွက်မှန့်ဖို့၊ စာမူခနှင့် သေတစ်နေ့မွေးတစ်နေ့၊ ဂျိမ်းစ်ဘွန်း မေခလာလက်ချက်မိသွားသော ပထမအရာရှိ၊ တက္ကစီမင်းနှင့် ရှင်မတောင်သနပ်ခါး၊ ဖီးလ်မစ်ကယ်လ်ဆင် အမေရိကန်မာစတာစ်တွင် နှစ်နှစ်ဆက်ချန်ပီယံ ဖြစ်လာနိုင်မည်လား၊ အီရန်ကို အမေရိကန်တိုက်မလား၊ ဗြိတိသျှရေတပ်သား ၁၅ဦးကို အီရန်နိုင်ငံက ဖမ်းဆီး၊ အီရတ်ဒုတိယဝန်ကြီးချုပ် ဗုံးကွဲမှုတွင်ဒဏ်ရာရရှိ၊ အဝလွန်သူတို့ရဲ့ဒုက္ခ၊ ဘေးကျပ်နံကျပ် ဖြစ်နေကြတဲ့ အမေရိကန်ရှေ့နေချုပ်နဲ့ ရေကြောင်းဗိုလ်ချုပ်ကြီး၊ ပထမဆုံး ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးသစ် ပြင်သစ်မှာ ထုတ်လုပ်ပြီ၊ ကိုရီးယား ရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

THE LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

Alpine သောက်ရေသန့် ဘူးအသွင်သစ် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှိ Alpineသောက်ရေသန့်စက်ရုံဝင်းအတွင်း၌ မတ်တွင် ထပ်မံဖွင့်လှစ်သော အလိုအလျောက်စက်ကိရိယာများဖြင့် ဆောင်ရွက်နိုင်သည့် Alpine သောက်ရေသန့် စက်ရုံသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သတင်းစာ ရှင်းလင်းပွဲကို မတ် ၁၄ ရက်က ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစိုင်းဆမ်ထွန်းက Alpine စက်ရုံအတွင်း နိုင်ငံတကာအဆင့်မီစနစ်တကျ သန့်ရှင်းစွာ စီစဉ်ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသပြီး စက်ရုံ၏ ဧည့်ခန်းမ၌ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။ **(အောက်ပုံ)**

Alpine စက်ရုံမှ Alpine သောက်ရေသန့်ဘူးအသွင်သစ် ဘူးဝိုင်းကို ခေတ်မီအလိုအလျောက်စက်များဖြင့် လက်ရှိဈေးကွက်၏ လိုအပ်ချက်ပြည့်မီစေရန် တိုးတက်ထုတ်လုပ်လျက်ရှိပြီး နေ့စဉ် တစ်လီတာဝင် ဘူးဝိုင်း ပမာဏ နှစ်သိန်းအထိ ထုတ်လုပ်ပေးနိုင်သည်ဟု သိရသည်။

ထုတ်လုပ်

ဈေးကွက်အတွင်းရှိ Alpine သောက်ရေသန့် လေးထောင့်ဘူးများလည်း နေ့စဉ် ထုတ်လုပ်လျက်ရှိပြီး ဈေးကွက်လိုအပ်ချက်အရ Alpine သောက်ရေသန့် တစ်လီတာဝင် ဘူးပေါင်း လေးသိန်းအထိ ထုတ်လုပ်သွားမည်ဖြစ်သည်။

တင်ပို့

မြန်မာနိုင်ငံရောက် နိုင်ငံခြားသားများက Alpineသောက်ရေသန့်၏ အရသာနှင့် အရည်အသွေးသည် နိုင်ငံတကာရေသန့်များ၏ အရသာနှင့် အရည်အသွေးကို ကောင်းမွန်စွာ ယှဉ်ပြိုင်နိုင်ကြောင်း သိရသဖြင့် Alpine သောက်ရေသန့်ဘူးများကို နိုင်ငံခြား ပို့ကုန်အဖြစ် တင်ပို့ရောင်းချမည် ဖြစ်သည်။

တိုးချဲ့ဖြန့်

Alpine သောက်ရေသန့်သည် ပြည်တွင်းဈေးကွက်တွင် လိုအပ်သမျှ ဖြန့်ဖြူးပေးနိုင်ရန် ပိုမိုခေတ်မီသည့် စက်ကိရိယာများဖြင့် Alpine ဘူးအဝိုင်းကို ထပ်မံ တိုးချဲ့ဖြန့်ချိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ်မြောက် ဗန်တို(အတိုက်)ပြိုင်ပွဲကျင်းပ

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၇ခုနှစ် ဒုတိယအကြိမ်မြောက် (ဗန်တို)အတိုက်ပြိုင်ပွဲများကို မတ်၂၈ရက်မှ ဧပြီ၁ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမတွင်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာ့ရိုးရာဗန်တို အားကစားဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသား ၆၁-၆၅ကီလို မင်းဇော် (ကရင်)က ကျော်စွာ(တပ်မတော် ကြည်း-က)ကိုလည်းကောင်း၊ ၅၇-၆၁ ကီလိုတန်းပြိုင်ပွဲတွင် မန်းအောင် (ဗမာ့စိတ်ပညာ)က ကျော်စွာဝင်း (ကကန-ခ)ကိုလည်းကောင်း၊ အမျိုးသမီး ၄၉-၅၃ ကီလိုတန်းပြိုင်ပွဲတွင် စီစီစိန် (ကကန-က)က ဆိုင်းခေါင် (ကချင်ပြည်နယ်)ကို လည်းကောင်း၊ ၄၅-၄၉ ကီလိုတန်းပြိုင်ပွဲတွင် ခေါ်လွေ (ကချင်ပြည်နယ်)က အေးမြချမ်း (ကရင်ပြည်နယ်)ကိုလည်းကောင်း၊ ၄၁-၄၅ကီလိုတန်းပြိုင်ပွဲတွင် အိအိမွန်(ရန်ကုန်တိုင်း)က သီတာ (ရှမ်းတောင်)ကို လည်းကောင်း၊ ခိုင်ငြိမ်းစု (ကချင်ရိုးရာ)က ခေါင်ဆန်း(ကချင်ပြည်နယ်)ကို လည်းကောင်း အနိုင်ရရှိကြသည်။

အနိုင်ရရှိ

အမျိုးသား ၄၅-၄၉ ကီလိုတန်း ပြိုင်ပွဲတွင် ဇော်လတ်(ပြည်ထဲရေး)က သန်းနိုင်(နဂါးမာန်)ကို လည်းကောင်း၊ မြတ်စိုး(ကကန-က)က ဇော်မင်းသိန်း (ဗမာ့စိတ်ပညာ)ကို လည်းကောင်း၊ စောအေးကျော်(စက်မှု-၁)က မင်းဇော်(ဇေယျာသိဒ္ဓိ)ကိုလည်းကောင်း၊ မိုးသိန်းချစ်(ရှမ်းတောင်)က ဇော်ခေါင်(ကချင်ရိုးရာ)ကိုလည်းကောင်း၊ ဇေယျာအောင်(တပ်မတော်ကြည်း-ခ)က ထွန်းထွန်းလင်း(ရကရ) အားလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်ကျင်းပမည်

၄၉-၅၃ကီလိုတန်းပြိုင်ပွဲ စိုးမိုး(ရကရ)က ဖြိုးဝေဦး(စက်မှု-၁)ကို လည်းကောင်း၊ သူရိန်ထွန်း(ကကန-က)က အောင်သူရ(တပ်မတော် ကြည်း-ခ)ကိုလည်းကောင်း၊ ကျော်စွာ (ရန်ကုန်တိုင်း)က နီအောင်(ပုတီးကုန်း)ကို လည်းကောင်း၊ ကျော်စွာ (ကကန-ခ)က အောင်အောင်(သိုင်း ပဒေသာ)ကို လည်းကောင်း၊ ထွန်းရွှေ (တပ်မတော်ကြည်း-က)က နိုင်လင်းဦး (တွံတေး)ကိုလည်းကောင်း၊ ဆန်အောင်လီ(ကချင်ပြည်နယ်)က ညီညီထွေး(ရှမ်းတောင်)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ ပြိုင်ပွဲများကို ဧပြီ၁ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ညာခြေကန်ချက်

ဒုတိယအကြိမ်မြောက် ဗန်တို (အတိုက်)ပြိုင်ပွဲတွင် နေလင်းအောင်၏ ညာခြေကန်ချက်ကို အောင်ကိုဝင်း ဘယ်ညာလက်သီးများဖြင့် ကာကွယ်ထားစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ရေနွေးကြမ်းသောက်သုံးလျှင် အိတ်ချ်အိုင်ဗွီကို ဟန့်တားနိုင်

ရေနွေးကြမ်းသောက်ခြင်းသည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် အထောက်အကူပြုကြောင်း အမေရိကန်နှင့်ဗြိတိန် ပူးတွဲသုတေသန ပညာရှင်များအဖွဲ့က ပြောကြားလိုက်သည်။ ရေနွေးကြမ်းတွင် ပါဝင်သော ဓာတ်များက ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များကို ခုခံအားကောင်းမွန်စေရေး ဖြည့်ဆည်းပံ့ပိုးပေးနိုင်သည်ကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ထိုသို့ခုခံမှုအားကောင်းသောဆဲလ်များ ခန္ဓာကိုယ်အတွင်း များပြားနေပါက အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးအလွယ်တကူ ဝင်ရောက်နိုင်ရန်မလွယ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရေနွေးကြမ်းသောက်ခြင်းကို ပုံမှန်ပြုလုပ်သွားပါက အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် ခန္ဓာကိုယ်တွင်း ကူးစက်ပြန့်ပွားနေမှုကိုလည်း လျော့နည်းကျဆင်းသွားရန် အကျိုးပြုနိုင်ကြောင်း ဗြိတိန်နိုင်ငံ ရှက်ဖီး တက္ကသိုလ်မှ ပါမောက္ခမိုက်ဝယ်လန်ဆင်က ပြောကြားသည်။

ရေနွေးကြမ်းသောက်ခြင်းကြောင့် အနာဂတ်ကာလတွင် မည်မျှအထိ အကျိုးသက်ရောက်မှုကို အတိအကျသိရှိရန် ဆက်လက်သုတေသနပြုသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ရေနွေးကြမ်းသောက်ခြင်းကြောင့် နှလုံး၊ ကင်ဆာနှင့် အယ်ဇိုင်းမားရောဂါများ သက်သာစေကြောင်းတွေ့ရှိထားသည်။ (အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

✳ **အက်ဖ်အေဖလား ဖိုလ်လုပွဲကို မေ ၁၉ ရက်တွင် ဝင်ဘာလေကွင်းကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း အက်ဖ်အေက အတည်ပြုပြောကြားလိုက်သည်**

✳ ရက်ဒင်းနည်းပြ စတိဗ်ကော့ဝဲလ်သည် ၂၀၀၉ခုနှစ်အထိ ရက်ဒင်းအသင်း နည်းပြလုပ်ရန် စာချုပ်သစ် ချုပ်ဆိုလိုက်ကြောင်း သိရသည်။

✳ **တောင်ကိုရီးယား အိုလံပစ်ဘောလုံးအသင်းသည် မတ် ၂၈ရက်က အိုလံပစ်ခြေစစ်ပွဲအဖြစ် ဥဇဘက်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တောင်ကိုရီးယားက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရလိုက်သည်။**

✳ အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့အား ကားလင်းဖလား ဖိုလ်လုပွဲတွင် ရန်းရင်းဆန်ခတ်ဖြစ်အောင် လုပ်ခဲ့မှုဖြင့် အက်ဖ်အေက ပေါင်တစ်သိန်းစီဒဏ်ငွေရိုက်လိုက်သည်။

✳ **ပို့စ်မောက်အသင်းခေါင်းဆောင် ရှီဂျန်စတီဖန်နီဗစ်က ၎င်းအနေဖြင့် ပို့စ်မောက်အသင်း၌သာ ဘောလုံးသမားဘဝ အဆုံးသတ်၍ အသင့်ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

✳ အသက် ၂၂နှစ်ရှိ မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုသည် မန်ယူနှင့် ၂၀၁၀ ပြည့်နှစ်အထိ စာချုပ်ထားပြီးဖြစ်ရာ ၎င်းအနေဖြင့် မန်ယူတွင်နှစ်ပေါင်းများစွာ နေသွားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

✳ **ပြင်သစ် ဆယ်ကျော်သက်တိုက်စစ်မှူး ကာရင်ဘင်ဇီမာသည် ပြင်သစ်နှင့် ဩစတြီးယားတို့ မတ် ၂၈ရက်က ချစ်ကြည်ရေးကစားရာတွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။**

✳ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် အမျိုးသားမီတာ ၁၀၀အလွတ်တန်းရေကူးပြိုင်ပွဲ၌ ကီတာဂျီမာက ၅၉ဒသမ ၈၀စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ရီးရဲမက်ဒရစ်ကလပ်၏ ပစ်မှတ်သုံးခု

မက်ဒရစ် မတ် ၂၉

ကမ္ဘာကျော် ရီးရဲမက်ဒရစ် ကလပ်ဥက္ကဋ္ဌ ရာမွန်ကယ်ဒီရွန်က "မိမိအနေဖြင့် လာမည့်ဘောလုံးရာသီတွင် စီရိုနယ်ဒို၊ ကာကာနှင့် မက်ဇီလ်ဒါတို့အား ရအောင်ခေါ်ယူသွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ၌ အံ့သြဖွယ်ကောင်းအောင် ခြေစွမ်းပြလာပြီး ဂိုးများ အဆက်မပြတ်သွင်းယူပြနေသောမန်ယူ တိုက်စစ်မှူးလေး စီရိုနယ်ဒိုကို ရာမွန်ကယ်ဒီရွန် မမျိုသိပ်နိုင်လောက်အောင် အရခေါ်ယူလိုစိတ် ပြင်းပြနေပြီဖြစ်ရာ ရအောင် ကြိုးစားတော့မည်ဖြစ်သည်။

ဆုံးဖြတ်ဖို့သာ

မန်ယူအသင်းနှင့် ၂၀၁၀ပြည့်နှစ်အထိ စာချုပ်ထားသော စီရိုနယ်ရိုကို ရီးရဲမက်ဒရစ်အတွက် လိုအပ်၍ ခေါ်ယူခြင်းဖြစ်ရာ မန်ယူအသင်းက စီရိုနယ်ဒိုအား ရောင်းရန် ပထမ ဆုံးဖြတ်ဖို့သာ လိုကြောင်းဟု စပိန် ရုပ်မြင်သံကြား သတင်းဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်း၌ ရာမွန်ကယ်ဒီရွန်က ပြောကြားခဲ့သည်။

ကြိုးစားမှုစတင်

"မန်ယူအသင်းအနေဖြင့် စီရိုနယ်ဒိုကို ရောင်းမည်ဟုသာ အရင်ဆုံးဖြတ်ရန်ဖြစ်ပြီး ငွေကြေးကိစ္စကို ထည့်ပြောစရာ မလိုကြောင်း၊ မိမိတို့ အနေဖြင့် စီရိုနယ်ဒိုအား အမေရိကန် ဒေါ်လာသန်း ၁၀၀ကျော်ပေးမည်တော့ မဟုတ်ကြောင်း၊ သို့သော်လည်း စီရိုနယ်ဒို၏ ခြေစွမ်းသည် ထိုငွေကြေးပမာဏနှင့် ထိုက်တန်ကြောင်း" ပြောကြားခဲ့သဖြင့် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌအနေဖြင့် မန်ယူတို့ အပိုင်စီးရန်ကြိုးစားနေသော စီရိုနယ်ဒိုကို ရအောင်ခေါ်ယူရေး ကြိုးစားမှုစတင်နေပြီ ဖြစ်သည်။

အမှန်မှာ ရီးရဲမက်ဒရစ်က စီရိုနယ်ဒိုအား ယူရိုငွေ သန်း ၈၀(အမေရိကန်ဒေါ်လာ၁၀၆ဒသမ၂သန်း)ဖြင့် ဈေးခေါ်လိုက်ခြင်းဖြစ်ရာ မန်ယူနှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုရေး အကြိတ်အနယ် ဆွေးနွေးနေသော မန်ယူကို ဖိအားပေးလိုက်သလို စီရိုနယ်ဒိုကိုလည်းရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လာရေး တွန်းအားပေးလိုက်ခြင်းဖြစ်စေခဲ့သည်။ ရီးရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌ၏ ဈေးခေါ်မှုနောက်ပိုင်း စီရိုနယ်ဒိုကလည်း မန်ယူနှင့် စာချုပ်ချုပ်ဆိုရေး အဆင်မပြေပါက ရီးရဲမက်ဒရစ်၌ ကစားလိုသည်ဟုဆိုခဲ့ပြန်သဖြင့် မန်ယူဘုတ်အဖွဲ့လည်း စိတ်သောက ရောက်နေရပြီဖြစ်သည်။

ကတိပေး

ထို့အတူ ရီးရဲမက်ဒရစ်၌ ဥက္ကဋ္ဌအဖြစ်အရွေးခံခဲ့စဉ်က ရီးရဲမက်ဒရစ်သို့ ဘရာဇီးနှင့်အေစီမီလန်ကွင်းလယ်ကစားသမား ကာကာကို ခေါ်ယူပေးမည်ဟု ကတိပေးထားခဲ့သည့်အတိုင်း ကာဒီရွန်က လာမည့်ဘောလုံးရာသီတွင် ကာကာကိုခေါ်ယူရေးလည်း ကြိုးစားသွားမည်ဟု ဆိုသည်။

ဒုတိယပစ်မှတ်

"မိမိသည် လာမည့်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်း၌ စီရိုနယ်ဒိုနှင့် ကာကာတို့ နှစ်ဦးစလုံး ကစားနေကြသည်ကိုမြင်တွေ့လိုကြောင်း၊ကာဒီရွန်က ရီးရဲမက်ဒရစ်ဘုတ်အဖွဲ့ အစည်းအဝေး လုပ်တိုင်း ပြောကြားခဲ့သည်ဖြစ်ရာ ကာကာသည်လည်း ရီးရဲမက်ဒရစ်၏ ဒုတိယပစ်မှတ်တစ်ခု ဖြစ်နေသည်။ ကာကာနှင့် စီရိုနယ်ဒိုတို့ နှစ်ဦးအား အရခေါ်ယူရေးမှာ လွယ်ကူမှုမရှိကြောင်း မိမိတို့ သိရှိပြီးဖြစ်သော်လည်း ရီးရဲမက်ဒရစ်သည် ကမ္ဘာကျော်အသင်းဖြစ်သလို ဘောလုံးသမားကောင်းများ ခေါ်ယူရေးအတွက် ရန်ပုံငွေအပြည့်အဝရှိနေကြောင်း" ကာဒီရွန်က ဆိုနေသည်။



ရာမွန်ကယ်ဒီယွန်

နောက်ဆုံးနှစ်ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်ကလပ်အား အောင်မြင်မှုများရရှိအောင် ကစားသမားများကို ခေါ်ယူရန် ကြိုးစားနေသည့် ကလပ်ဥက္ကဋ္ဌ ရာမွန်ကယ်ဒီယွန်။

(ဓာတ်ပုံ-အင်တာနက်)

ထိန်းချုပ်ကစားနိုင်

ကာကာသည် အေစီမီလန်တွင် လောလောဆယ် ငါးဂိုးသွင်းယူထားနိုင်ပြီး ကွင်းလယ် ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ကာတိုက်စစ်ကိုလည်း ထူးချွန်ပြောင်မြောက်စွာ လိုက်ပါကစားနိုင်သူ ဖြစ်သည်။

ရောက်ရှိလာမည်

ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ကာဒီရွန်၏ တတိယမြောက် ပစ်မှတ်မှာ ဂျာမနီအသင်းနှင့် ဒေါ့မွန်ကလပ်နောက်ခံလူ မက်ဇီလ်ဒါ ဖြစ်သည်။ မက်ဇီလ်ဒါသည် ယခုနှစ်ဘောလုံးရာသီကုန်၌ ဒေါ့မွန်နှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီဖြစ်ရာ ရီးရဲမက်ဒရစ်သို့ လာမည့်နှစ် ဘောလုံးရာသီ၌ အသေချာဆုံး ရောက်ရှိလာမည့် ဘောလုံးသမားတစ်ဦးပင် ဖြစ်သည်။

လက်ရှိ ရီးရဲမက်ဒရစ် နည်းပြ ကာပယ်လိုကိုလည်း ယခုနှစ်ဘောလုံးရာသီ၌ အောင်မြင်မှု မရရှိပါက နည်းပြ အဖြစ်မှ ဖယ်ရှားပြီး နည်းပြအသစ်တစ်ဦးနှင့် အစားထိုးမည် ဖြစ်ကြောင်း ပြောကြားထားရာ နောက်နှစ်ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ် နည်းပြသစ် တစ်ဦးကို မြင်တွေ့ရတော့မည်ဖြစ်သည်။ ရီးရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌအနေဖြင့် ရီးရဲမက်ဒရစ် နည်းပြအဖြစ် မော်ရင်ဟိုနှင့် ဘင်နီတက်ဇ် တို့အား သဘောကျကြောင်း၊ မိမိခေါ်ယူနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်းပြောကြားနေသဖြင့် ရီးရဲမက်ဒရစ်၏ ပစ်မှတ်များ မည်မျှအထိ လက်တွေ့ ဖြစ်ပေါ်နိုင်မည်ကို စောင့်ကြည့်အကဲခတ်ရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ယူရို ၂၀၀၈ခြေစစ်ပွဲများ ယှဉ်ပြိုင် အင်္ဂလန်တို့နိုင်၊ ပေါ်တူဂီတို့ သရေကျ

လန်ဒန် မတ် ၂၉

ယူရို ၂၀၀၈ ခြေစစ်ပွဲ များကို မတ် ၂၈ရက်က ဆက်လက် ကစားခဲ့ရာ အင်္ဂလန်အသင်းက အင်ဒိုရာ အသင်းကို အကြိတ်အနယ်ကစားပြီးမှ နိုင်ပွဲရရှိသလို ဆားဘီးယားနှင့် ပေါ်တူဂီ တို့ပွဲတွင်လည်း တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့ကြသည်။ အီတလီနှင့်စကော့တလန် တို့ပွဲတွင် အီတလီက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သဖြင့် ခြေစစ်ပွဲ အောင်ရန် မျှော်လင့်ချက်များ ရှင်သန်ခဲ့ရသည်။

အင်္ဂလန် ကွင်းလယ်ကစားသမား စတီဖင်ဂျရတ်၏ ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုရာနှင့် အင်္ဂလန်

အင်္ဂလန် အသင်းနိုင်ပွဲ ရရှိရေး အတွက် ကစားအားတင်ပြီး ဖိဖိစီးစီး ကစားခဲ့ရသည်။တိုက်စစ်တွင် ရွန်နေနှင့်ဂျွန်ဆင်၊ ကွင်းလယ်တွင် လမ်းပတ် မပါဝင်သော်လည်း ဂျရတ်၊ ဒေါင်းနင်းနှင့် ဟားဂရေ့ဗ်တို့ပါဝင်ခဲ့၍ အင်္ဂလန်အသင်း ခြေပေါ်အောင် ကစားနိုင်ခဲ့သည်။

အင်္ဂလန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၅၃မိနစ်၌ ရွန်နေ ခင်းပေးလိုက်သော ဘောလုံးကို ဂျရတ်က အင်ဒိုရာ ဂိုးဧရိယာအစပ်မှ အပြင်းကန်သွင်းခဲ့၍ အဖွင့်ဂိုးရရှိခဲ့သည်။ ဒုတိယဂိုးကို ၇၉ မိနစ်တွင် ဂျရတ်ကပင် အင်ဒိုရာ ဂိုးသမားနှင့် တစ်ဦးချင်းအတွေ့၌ အပိုင်ကန်သွင်းခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန် အတွက် တတိယဂိုးကို ပွဲချိန်ပြည့်ခါနီး ၈၉မိနစ်တွင်အင်္ဂလန်တိုက်စစ်မှူး အဖြစ် ပထမဆုံးရွေးချယ်ခဲ့သည့် ပရက်စတန် တိုက်စစ်မှူး ဂျန့်က သွင်းယူပေးခဲ့သဖြင့် အင်္ဂလန်တို့တတိယဂိုးရရှိပြီးသုံးဂိုးပြတ် ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆားဘီးယားနှင့် ပေါ်တူဂီ

ဆားဘီးယားအသင်းက ပေါ်တူဂီကို ကြိုးစားပြီး ကစားသွားခဲ့သဖြင့် အဖိုးတန်တစ်မှတ် ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီတွင် စီရိုနယ်ဒို၊ နန်နိုမက်ဆီလ်မာအိုနှင့် ကာဗယ်လ်ဟို ပါဝင်ကစားခဲ့သော်လည်း ဆားဘီးယား၏ အကွက်စေ့စေ့ ကစားမှုကြောင့် စိတ်ကြိုက်ကစားခွင့် မရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်း ပွဲအစ ငါးမိနစ်မှာပင် တီယာဂိုက အဖွင့်ဂိုးသွင်းယူပေးခဲ့သော်လည်း ၃၇မိနစ်တွင် ဆားဘီးယားကွင်းလယ်ကစားသမား ယန်ကိုဗစ်က ချေပဂိုးသွင်းယူသွားခဲ့သဖြင့် တစ်ဂိုးစီသရေ ဖြစ်သွားခဲ့သည်။ ပေါ်တူဂီတို့ ယခုပွဲ သရေကျခဲ့သဖြင့် ပိုလန်နောက် ငါးမှတ်အကွာဖြင့် ဒုတိယနေရာ၌ ရှိနေဆဲဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ-မြင့်မောင်စိုး

ယူရို ၂၀၀၈ခြေစစ်ပွဲ ထိပ်ဆုံးရောက်အသင်းများ

လန်ဒန် မတ် ၂၉

ယူရို ၂၀၀၈ ခြေစစ်ပွဲ အုပ်စုပတ်လည်ပွဲများကို မတ် ၂၈ရက်ကယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းခြေစစ်ပွဲတွင် ဥရောပရှိ အသင်းပေါင်း ၅၀တို့က အုပ်စု (၇)စုခွဲလျက် ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စုအလိုက် အမှတ်ပေးဇယားတွင် ဦးဆောင်နေသော အသင်းနှစ်သင်းစီကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

အုပ်စု	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
က	ပိုလန်	၇	၅	၁	၁	၁၂	၅	၁၆
။	ပေါ်တူဂီ	၆	၃	၂	၁	၁၃	၄	၁၁
ခ	ယူကရိန်း	၅	၄	၀	၁	၈	၄	၁၂
။	စကော့တလန်	၆	၄	၀	၂	၁၁	၆	၁၂
ဂ	တူရကီ	၅	၄	၁	၀	၁၄	၃	၁၃
။	ဂရိ	၅	၄	၀	၁	၈	၄	၁၂
ဃ	ဂျာမနီ	၅	၄	၁	၀	၂၁	၃	၁၃
။	ချက်	၆	၄	၁	၁	၁၅	၄	၁၃
င	ခရိုအေးရှား	၅	၄	၁	၀	၁၅	၄	၁၃
။	အစ္စရေး	၆	၃	၂	၁	၁၃	၆	၁၁
စ	မြောက်အိုင်ယာလန်	၆	၄	၁	၁	၁၀	၇	၁၃
။	ဆွီဒင်	၅	၄	၀	၁	၉	၄	၁၂
ဆ	နယ်သာလန်	၆	၄	၂	၀	၈	၂	၁၄
။	ရိုမေးနီးယား	၅	၃	၂	၀	၁၀	၃	၁၁

(အင်တာနက်)

ယူရိုခြေစစ်ပွဲရလဒ်

အုပ်စု (က)

အဇာဘိုင်ဂျန်	၁ - ၀	ဖင်လန်
ပိုလန်	၁ - ၀	အာမေးနီးယား
ဆားဘီးယား	၁ - ၁	ပေါ်တူဂီ

အုပ်စု (ခ)

ယူကရိန်း	၁ - ၀	လစ်သူယေးနီးယား
ဂျော်ဂျီယာ	၃ - ၁	ဖာရိုကျွန်းစု
အီတလီ	၂ - ၀	စကော့တလန်

အုပ်စု (ဂ)

အဇာဘိုင်ဂျန်	၁ - ၀	ဖင်လန်
ဟန်ဂေရီ	၂ - ၀	မော်ဒိုဗာ
မော်လ်တာ	၀ - ၁	ဂရိ
တူရကီ	၂ - ၂	နော်ဝေ

အုပ်စု (ဃ)

ချက်	၁ - ၀	ဆိုက်ပရပ်စ်
အိုင်ယာလန်	၁ - ၀	ဆလိုဗားကီးယား
ဝေလ	၃ - ၀	ဆန်မာရီနို

အုပ်စု (င)

အစ္စရေး	၄ - ၀	အက်စ်တိုးနီးယား
အင်ဒိုရာ	၀ - ၃	အင်္ဂလန်

အုပ်စု (စ)

လက်ချင်စတိန်း	၁ - ၀	လတ်ဗီးယား
မြောက်အိုင်ယာလန်	၂ - ၁	ဆွီဒင်
စပိန်	၁ - ၀	အိုက်စလန်

အုပ်စု (ဆ)

ဘူလ်ဂေးရီးယား	၀ - ၀	အယ်လ်ဘေးနီးယား
ရိုမေးနီးယား	၃ - ၀	လူဇင်ဘတ်
ဆလိုဘေးနီးယား	၀ - ၁	နယ်သာလန်

(အင်တာနက်)

99 EXPORT FASHION ၏
သင်္ကြန်အထူးလျှော့ဈေး
30-3-2007 မှ 13-4-2007 (သင်္ကြန်အကြိုနေ့)အထိ
ကျပ် ၅၀၀၀/- ဖိုးနှင့် အထက် သင်္ကြန်ခေါင်းစီးတစ်ခု၊ ကျပ် ၁၀၀၀၀/- ဖိုးနှင့် အထက် ဦးထုပ်တစ်လုံး
ကျပ် ၂၀၀၀၀/- ဖိုးနှင့် အထက် မတ်အင်္ကျီတစ်ထည်၊ ကျပ် ၅၀၀၀၀/- ဖိုးနှင့် အထက် 99 တီရှပ်တစ်ထည်။
အထူးမေတ္တာလက်ဆောင်များ ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လုံးဝပိတ်ရက်မရှိပါ။
အမှတ် (၁၄/၁၅)၊ အောက်တာဂရာလမ်းမကြီး၊ ပန်းမှာကွင်းဆိုင်တန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၈၁၁၄၇

အနုပညာရှင်အဆင့်(၄)ခန့်ထားရန်လျှောက်လွှာခေါ်ယူခြင်း

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နှင့် မန္တလေး ထုတ်လုပ်ဌာနခွဲများတွင် အနုပညာရှင်အဆင့်(၄) လစာနှုန်း(၂၇၀၀၀-၁၀၀၀-၃၂၀၀၀)အဖြစ် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် ရန်ကုန်-မန္တလေးမြို့များရှိ ထုတ်လုပ်ဌာနခွဲများသို့ လျှောက်ထားနိုင်ပါသည်။ ဌာနတွင် တာဝန်ပေးအပ်ခြင်းခံရပါက ရန်ကုန်နှင့် မန္တလေးမြို့များရှိ ယဉ်ကျေးမှုတက္ကသိုလ်များသို့ လုပ်ငန်းတာဝန် မပျက် တက်ရောက်သင်ကြားခွင့်ပြုမည်။

(က) အသက်ကန့်သတ်ချက် - (၁၆)နှစ်မှ အသက်(၂၀)အတွင်း
(ခ) ပညာအရည်အချင်း - အခြေခံပညာအထက်တန်း အဆင့်အောင်မြင်ပြီးသူများ
(ဂ) အထူးပြုသတ်မှတ်ချက် - နိုင်ငံတော်မှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများတွင် အကပညာရပ်၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိပြီးသူများဖြစ်ရမည်။

လျှောက်လွှာပုံစံများကို နေပြည်တော်ရှိ အနုပညာဦးစီးဌာန၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အောက်ဖော်ပြပါဌာနများတွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

(၁) အနုပညာဦးစီးဌာန
ရုံးအမှတ် ၃၅၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၃၇၊ ၄၀၈၀၂၁။
(၂) ညွှန်ကြားရေးမှူး၊ ထုတ်လုပ်ဌာနခွဲ၊ အမျိုးသားဇာတ်ရုံ၊
မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၅၁၃၄။
(၃) ညွှန်ကြားရေးမှူး၊ မန္တလေးဌာနခွဲ၊ အနုပညာဦးစီးဌာန
မန္တလေးမြို့၊ ဖုန်း-၀၂-၆၁၁၆၇၄။

ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန
နေပြည်တော်။

Golden Star
ချောင်းသာ
35000/50000
Ph: 544383, 09-5172634

SAYA-TONY
IELTS
- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

ကျေးဇူးဆပ်ပါမည်

ကျွန်မ လာလ်ရိန်းပွီး နိုင်ငံကူး လက်မှတ် အမှတ်-၈၁၉၁၅၂ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားရန်။

ဖုန်း-၅၈၀၉၁၈။

အမည်မှန်

မောင်ကြည်စိုးဝင်း(ပ-နှစ်၊မြန်မာစာ) ၇/ပခန(နိုင်)၂၅၂၉၆၇၏ မိခင်အမည်မှာ ဒေါ်သောင်း(ခ)ဒေါ်မြမြ(ခ)ဒေါ်မြမြရွှေ ၇/ပမန(နိုင်)၀၀၅၈၇၈ ဖြစ်ပါကြောင်း။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အဘိဓမ္မာပိဋကဝင်ကျမ်းစာအုပ်များအတွက်ကြေးပြားများလှူဒါန်း

ရန်ကုန် မတ် ၂၉

မြတ်ဗုဒ္ဓ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့အောင် ကြံဆောင်၍ ဘုရားဟောပိဋကတ် ကျမ်းစာတော်များကို ခေတ်မီသော ကွန်ပျူတာနည်းပညာရပ်တို့ဖြင့် ရွှေရောင်ကြေးပြားပေါ်တွင် အက္ခရာရေးထွင်းလျက် ကြေးပိဋကတ်တော်တစ်ဆူပြုလုပ်လှူဒါန်းနေကြသည်။ ယခုအခါ အဘိဓမ္မာပိဋကဝင် ကျမ်းစာအုပ်များအတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးရုံ(က)ဒိုင်အမှတ်(၆) ဒေါ်ကြွေ(ခ) ဒေါ်လှမြင့် ပြည့်စုံမိသားစုက အကျိုးဆောင်နှိုးဆော်ပေး၍ အလှူရှင် ၆၉ဦး၊ ကြေးပြားချပ်ရေ ၉၂ ချပ်ကို အလှူရှင်အသီးသီးက ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ ဦးအုံးဆင့် မိသားစု ကြည့်မြင်တိုင်၊ ဦးမရမ်းသီး မိသားစု ကြည့်မြင်တိုင်၊ ရွှေစင်ကဖီးမိသားစု ကြည့်မြင်တိုင်၊ ဦးဝင်းတင်-ဒေါ်ပု မိသားစု ကြည့်မြင်တိုင်၊ ဦးကြည်ဝင်း-ဒေါ်အေးမြင့် မိသားစု ကြည့်မြင်တိုင်၊ ဦးသိုးမြင့်-ဒေါ်ချစ်ရင် မိသားစု ကြည့်မြင်တိုင်၊ ဦးသန်းဌေး-ဒေါ်ယဉ်ယဉ်ဝင်း မိသားစု လမ်းမတော်၊ ဦးခင်မောင်နှင့်သား မောင်နိုင်သူ၊ မောင်ရဲနိုင်၊ မောင်သန်းနိုင်မိသားစု ကြည့်မြင်တိုင်၊ ကိုကြည်မြ-ဒေါ်ခင်ဌေး မိသားစု ကြည့်မြင်တိုင်၊ ဦးအောင်ထိန်-ဒေါ်အေးကြိုင်မိသားစု ကြည့်မြင်တိုင်၊ ကိုမျိုးမြင့်-မခင်ဝါရွှေ မိသားစု တောင်ဒဂုံ၊ ဦးစိုးအောင်-ဒေါ်ခင်စန်း မိသားစု ကြည့်မြင်တိုင်၊ ဦးမျိုးဝင်း-ဒေါ်သန်းသန်းအေး၊ သမီး မခေမာမျိုးဝင်း၊ မဟေမာမျိုးဝင်း၊ မယွန်းသီရိ မိသားစု တောင်ဥက္ကလာပ၊ ဦးခင်စိုး-ဒေါ်ခင်ခင်ဝင်း သမီး မမေသူစိုး၊ မခင်စန္ဒီကျော်မိသားစု ကြည့်မြင်တိုင်၊ ဦးကျော်ဝင်းနှင့်ညီ ကိုထွန်းဝင်း ကြည့်မြင်တိုင်၊ ဒေါ်ကြည်အောင်အား ရည်စူး၍ ဦးသောင်းရွှေ မိသားစု ကြည့်မြင်တိုင်၊ ကိုစိုးဝင်း-မလှဌေး မိသားစု ကြည့်မြင်တိုင်၊ ဦးဝင်း-ဒေါ်သိန်း မိသားစုနှင့်ဆွေတော်မျိုးတော်များ ကြည့်မြင်တိုင်၊ ဦးစိန်သောင်း-ဒေါ်တိုး မိသားစု၊ ကွယ်လွန်သူဖခင် ဦးတင်စိုးအားရည်စူး၍ မိခင် ဒေါ်ဘေဘီသိန်း သားသမီးမြေးမိသားစု သာကေတ၊ မင်းဇော်ဦး၊ ကျော်သန့်ဇင်၊ စိုးမင်းအောင်၊ မင်းဦး၊ နှင်းကိုဦး၊ ဖိုးချစ်ရဲ၊ ကိုထွန်း၊ ဦးမြင့်၊ တာတီး၊ အောင်ကျော် (ပြည့်စုံမိသားစု) ကြည့်မြင်တိုင်၊ ဦးဝင်းလွင်-ဒေါ်ခင်ထွေး မိသားစု ကြည့်မြင်တိုင်၊ ရွှေပန်းထိမ် ကိုရွှေလှ-ဒေါ်နုနုယဉ်မိသားစု ကြည့်မြင်တိုင်တို့က ကြေးပြားတစ်ချပ်စီ (ငွေကျပ် ၂၀၀၀၀စီ)အသီးသီး လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

မည်သူမဆို လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် ငွေကျပ် ၂၅၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်(ရေခဲဆိုင်မှတ်တိုင်အနီး ရွှေကောင်းဟော့ပေါ့နှင့် မျက်နှာချင်းဆိုင်) ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၈၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မဒူတတောရရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၉

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ နာယက ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရသည် ဧပြီ၂ရက်မှ ၁၈ ရက်အထိဓမ္မာနုပဿနာဝိပဿနာ အလုပ်ပေး တရားတော်များကို ဟောကြား ပြသမည်ဖြစ်သည်။ ရိပ်သာဝင်လိုသော ယောဂီများသည် ဧပြီ၂ရက်ညနေအရောက် လာကြရန်နှင့်ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၉-၅၃၀ ၂၀၉၂၊ ၀၉-၅၁၀ ၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၉-၅၃၀၁၅၃၇နှင့် ကိုကျော်ဆန်း (ရန်ကုန်) ဖုန်း-၀၉-၅၀၁ ၇၂၉၄ တို့သို့ စာရင်းပေးသွင်းကြပါရန် နှိုးဆော်ထားသည်။ **(က-ပ)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တာမွေမြို့နယ် တာမွေကြီး(က-ဂ)ရပ်ကွက် အမက ၃၄ တွင် မတ် ၂၉ရက် နံနက် ၁၀နာရီက နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ သင်တန်းထူးချွန် ပထမဆုရရှိခဲ့သည့် မခြူးခြူးသက်တင်အား ရပ်ကွက်စည်းရုံးရေးမှူး ဦးထွေးမောင်က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (က-ပ)

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်နှင့်ထန်းတပင်မြို့နယ်တို့တွင် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၉

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ်၂၃ရက် နံနက်၁၀နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ရေအိုးစဉ်ကျေးရွာမှ ဦးတင်ရွှေ၏သား ဦးဝင်းမြင့် အသက်(၄၀)သည် ဆရာတော် ဦးစန္ဒီအား နွားလှည်းဖြင့် ပင့်ဆောင်၍ ရေအိုးစဉ်မှ မြောင်းဦးကျေးရွာသို့ထွက်ခွာလာစဉ် တောလမ်းတစ်နေရာ၌ သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးအား နွားလှည်းဖြင့် ကြိတ်မိပေါက်ကွဲ၍ ဦးဝင်းမြင့်နှင့် ဆရာတော် ဦးစန္ဒီတို့၏ ဘယ်ဘက်ခြေသလုံးတွင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အလားတူ မတ်၂၅ရက် နံနက် ၇နာရီ၄၅မိနစ်ခန့်တွင် ထန်းတပင်မြို့နယ် သပြေညွန့်ကျေးရွာမှ ဦးစိုးမြင့်၏သား ဦးမျိုးအောင် အသက်(၂၃)နှစ်နှင့် ဦးသန်းကြည်၏သမီး ဒေါ်ချောစု အသက်(၂၇)နှစ်တို့ နှစ်ဦးသည် ထင်းခုတ်ရန် နွားလှည်းဖြင့် တောတွင်းသို့ထွက်လာစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးအား နွားလှည်းဖြင့် ကြိတ်မိပေါက်ကွဲ၍ ဦးမျိုးအောင်၏ ညာဘက်ခြေထောက်နှင့် ဒေါ်ချောစု၏ ညာဘက်နားထင်တို့တွင် မိုင်းစများထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် ဦးဝင်းမြင့်နှင့် ဆရာတော် ဦးစန္ဒီတို့အား မုန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဦးမျိုးအောင်နှင့်ဇနီးဒေါ်ချောစုတို့အား ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများကပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၂၉

စစ်ကိုင်းတိုင်း တမူးခရိုင် တုံးကျော်ကျေးရွာ၌ မတ်၂၆ရက်တွင် တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ်၂၃လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၈စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့်ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း။

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အရှေ့မြောက်ရပ်ကွက်၌ မတ် ၂၈ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၂၂ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် မတ် ၂၉

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်နှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ချမ်းမြေ့နန္ဒာ ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီး နှစ်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရဝါဒါစရိယ ပါဠိကာရီဆရာတော် ဘဒ္ဒန္တအင်္ဂိသအရှင်သူမြတ်ကိုအမှူးထား၍ ပဋ္ဌာနဘာဏက သံဃာ ၁၅ပါးတို့က ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံကြီးတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ၃ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

မီးဘေးရှောင် မလောင်ခင်တား

ကြီးကြပ်ဆောင်ရွက်

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-ပြည်လမ်း လမ်းဘေးဝဲယာ စင်္ကြံများပြုလုပ်လျက်ရှိရာ မတ် ၂၀ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်စောနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုကို တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် ပန်ညုဒေသ အခြေခံပညာ အထက်တန်းကျောင်းဆောင်ဖွင့်

သီပေါ မတ် ၂၂

သီပေါမြို့နယ် ပန်ညုဒေသ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၁၆ရက် နံနက်က ကျောင်းဆောင်ရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့်လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်း

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းဦးက နှစ်ထပ်ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများနှင့် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို ကျောင်းဆောက်လုပ်ရေးကော်မတီများနှင့်ကျောင်းသား၊ကျောင်းသူများကို ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပန်ညုရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိ တက္ကသိုလ်ပဓာန နာယက ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနရိန္ဒာစာရအား ဂုဏပူဇာသဘင် ပူဇော်ပွဲအခမ်းအနားကို မတ် ၁၀ရက်က အရှေ့ဘက် မဟာလောကသီရိဘုရားကြီး သံတန်ဆောင်းတော်အတွင်း၌ ကျင်းပရာ ဘွဲ့ရဆရာတော်ကြီးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၄ဝ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း

မအူပင် မတ် ၂၀

မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငွေခင်သည် မတ် ၁၅ ရက်က မအူပင်မြို့နယ်ဦးစီးမှူးဦးဝင်းရှိန်နှင့်အတူ မအူပင်မြို့နယ် လက်ျာကြီးကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရေးကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးဦးဝင်းရှိန်က စာကြည့်တိုက်များ ရှင်သန်ရေးနှင့်စာကြည့်တိုက် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ရန်ကုန်မြို့ အင်အားဂျာနယ်တိုက်မှ ဆရာဦးကျော်ငြိမ်း လှူဒါန်းသော ဂျာနယ်များ အပါအဝင် သုတ၊ ရသစာအုပ်ပေါင်း ၁၅၀ ကို လက်ျာကြီးကျေးရွာအုပ်စုရှိ စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလဆန်း ၁၄ ရက်
၃၁-၃-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

ဝ၇:ဝဝ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

ဝ၉:၃ဝ တူယှဉ်သီကြွေး စုံတွဲတေး
(၁) မုန်းမုန်းမေ့မေ့ (စိုးပိုင်၊ ရတနာဦး)
(၂) မိုးကောင်းကင်ခရီး (ဇော်ဝင်းထွဋ်၊ အယ်လ်ခွန်းရီ)
(၃) ပထမဆုံးနေ့ (ခင်မောင်ထူး၊ မေခလာ)

ဝ၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဝါးပင်အကြောင်း သိကောင်းစရာ)

၁၁:၃၅ အဘိုးအဘွားအလေးထား (တောင်ငူမြို့မှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီရွှေနှင်းဆီ ဒေါ်အုန်းခင်နှင့် ဆွေးနွေးခန်း)

၁၂:ဝဝ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁ဝ ကလေးများ၏ ပုံပြောပြိုင်ပွဲအစီအစဉ် (သူဌေးသားလေးယောက်နှင့် မုဆိုးကြီး)

၁၂:၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက် (တတိယပိုင်း) (မောင်ဆုရှင်)

ညနေပိုင်း

၁၆:၁၅ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံခေတ်ဇာတ်ကြီးဆယ်ဘွဲ့စာပေ) (မောင်ခင်မင်-ဓနုဖြူ)

၁၆:၃ဝ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ

၁၇:ဝဝ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုးနှင့် ပဲခူးတိုင်းမှ မောင်ဆန်းဝင်းအောင်တို့၏ ခေတ်ဟောင်း/ကာလပေါ်တေး)

၁၇:၁၅ ခေတ်ဟောင်းတေး
(၁) မိဘမေတ္တာ (မကြည်အောင်)
(၂) ရွှေနွယ်ရိုး (သထုံဘသိန်း၊ မအေးစိန်)
(၃) ဆင်ခြင်တော့မယ် (ဥသြဘသောင်)

၁၇:၃ဝ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာစေဖို့ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများ) (မောင်-ဆေးတက္ကသိုလ်)

၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၈:၄ဝ သိမှတ်စရာ ကွန်ပျူတာ

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် နွေဦး၏လတန်ခူးစီးရီး)

၂ဝ:၂ဝ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂ဝ:၃ဝ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့)

၂ဝ:၄ဝ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဖျာပါမြေရုံ (ညွှန့်ညွှန့်စိန်)
(၂) ချစ်ရက်ဆုံနိုး မကြုံနိုး (မောင်မောင်ညွှန့်)
(၃) ချစ်စကားဘယ်ခါကြားရမယ် (မသက်မွန်)

ပျိုးထောင်ထားသော ပျိုးခင်းများအတွင်း စုပေါင်းမြေသြဇာကျွေး

မိုင်းပန် မတ် ၂၀

၂၀၀၆-၂၀၀၇ခုနှစ် နွေစပါး၉၅ဧကအတွက် ပျိုးထောင်ထားသော ပျိုးခင်းများအတွင်း ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာရောနှော၍ စုပေါင်းမြေသြဇာကျွေးပွဲတော်ကို မတ် ၈ရက် ညနေ ၄နာရီခွဲက မိုင်းပန်မြို့ အရှေ့ကျေးရွာအုပ်စု ဟိုဖိုင်လုံကျေးရွာ ကွင်းအမှတ်(၆)တွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် လယ်သမားများ တက်ရောက်အားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ်၁၃ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တည်ဆောက်ပြီးစီးသည့် မောင်မယ်ရှောင်-ရေဝိုင်းကျေးရွာချင်းဆက် လမ်းပေါ်ရှိ တံတားကိုအမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့တွင်းရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တိုက်ကြီးမြို့ ဈေးရပ်ကွက် သီတာလမ်းရှိ ရေနုတ်မြောင်းမကြီးကို ဖေဖော်ဝါရီ ၂၄ရက်က ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးစိုးတင့်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းတူးဖော်ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသများ မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်

မော်လမြိုင်ကျွန်း မတ် ၂၄

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် မီးဘေးကြိုတင် ကာကွယ်သောအားဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှု သရုပ်ပြသပွဲကို မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာအုပ်စု ကျိုက်ပိကျေးရွာ စည်ပင်သာယာရေး ပြည်သူ့ဈေး၌ ကျင်းပသည်။

သရုပ်ပြ

ယင်းဓာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊အတွင်းရေးမှူးဦးရဲနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးထွန်းသိန်းနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကျိုက်ပိဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးလောင်မှု ဖြစ်ပွားလာပါက အရေးပေါ်ဓာတ်တိုက်လေ့ကျင့်မှုဖြင့် မီးငြိမ်းသတ်မှုအဆင့်ဆင့် လုပ်ငန်းများကို သရုပ်ပြသကြသည်။ **(အောက်ပုံ)**

စစ်ဆေး

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်အဖွဲ့သည် ကျိုက်ပိပြည်သူ့ဈေးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(ဝ၉၇)

သရက်ချောင်း၌ အလှူငွေများပေးအပ်လှူဒါန်း

သရက်ချောင်း မတ် ၁၀

(၆၂) နှစ် မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်ချောင်း မြို့နယ် အဏ္ဏဝါစိုးမိုး ကုမ္ပဏီလီမိတက်မှ သီဟသုဓမ္မမဏိဇောတဓရ ဦးကင်းစိန် မိသားစုတို့က လူမှုရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၆၂ သိန်း ငါးသောင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မြို့နယ် အစည်းအဝေး ခန်းမဆောင်၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့ဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အလှူရှင် မိသားစုတို့က ကျန်းမာရေးဆေးပဒေသာပင်ငွေကျပ်၁ဝသိန်း၊ ပညာရေးအတွက် ငွေကျပ် ၁ဝ သိန်း၊ ရှင်ကိုးရှင်ဘုရားသမိုင်းဝင် ရှင်တောင်းပုံဘုရားသို့ ငွေကျပ်ငါးသိန်းနှင့်တပ်ရာကုန်း ဘုန်းကြီးကျောင်းသို့ ငွေကျပ်သိန်း ၃ဝလှူဒါန်းခဲ့ကြောင်း သိရသည်။(မြို့နယ်ပြန်/ဆက်)

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုး ကင်ပွန်းစခန်း မဟာစည်ရိပ်သာ၌ ဘဒ္ဒန္တ ဝိစာရိန္ဒ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) မဟာစည်နာယက (သာယာကုန်းဆရာတော်) ဦးစီး၍ တည်ဆောက်ဆဲ မဟာစည် (အဋ္ဌဂံ)သိမ် ကျောင်းတော်ကြီးနှင့် ရွှေတိဂုံပုံတူဘုရား တည်ထားကိုးကွယ်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင် ကုမ္ဘာရီစတိုးဆိုင်ပိုင်ရှင် ဒေါ်လှခိုင် မိသားစုက ငွေကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်တန်း တံတားမြို့၌ ပေါင်းမြက်ရှင်းလင်း

ကျောက်တန်း မတ် ၂၁

ကျောက်တန်းမြို့နယ် တံတားမြို့ စည်ပင်သာယာရေးအဖွဲ့ရုံး အတွင်း အပြင် သန့်ရှင်းရေးနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို မတ် ၅ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ ကျောက်တန်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွန့်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် စည်ပင်)

ဖခင်ကြီး ဦးမြင့်သန်း- မိခင်ကြီး ဒေါ်တင်စိန်တို့အား ရည်စူး၍ကောလင်းမြို့ အောင်မင်္ဂလာရပ် အမှတ်(၃၄၉)နေ မအေးအေး၊ ကိုစိုးဝင်းသန်း၊ ကိုစိန်ဝင်းသန်း၊ ကိုဌေးဝင်းသန်း မောင်နှမတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ရွှေစင်တိပိဋကရေ မဓ္ဓဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

တနင်္သာရီတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ သားဖွားခန်းများ အရည်အသွေးတိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

မြိတ် မတ် ၂၀

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ သားဖွားခန်းများ အရည်အသွေး တိုးမြှင့်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၄ရက် နံနက်၉နာရီက မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့် ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်လှက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းများ၏ အခြေအနေနှင့် ကျန်းမာရေးစီမံချက်လုပ်ငန်းများအကြောင်းကို ဆွေးနွေး ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ သားဖွားခန်းအရည်အသွေးမြှင့်တင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို မီးယပ်သားဖွား အထူးကုဆရာဝန် ဒေါက်တာတင်တင်ညီက လည်းကောင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများအကြောင်းကို တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အမှုဆောင် ဒေါက်တာစန်းစန်းက လည်းကောင်း၊ ကာကွယ်ဆေးထိုး လုပ်ငန်းအကြောင်းကို တိုင်းကျန်းမာရေးဦးစီးဌာန ဒုတိယ တိုင်းဦးစီးဌာနမှူး ဒေါက်တာခင်လှိုင်ဝေက လည်းကောင်း၊ သားဖွားခန်းအတွင်း ပိုးမွှားသန့်စင်ခြင်းလုပ်ငန်းကို မေ့ဆေး အထူးကုဆရာဝန်ကြီး ဒေါက်တာချိုမာလွင်က လည်းကောင်း၊ သားဖွားခန်းမှ မှတ်တမ်းပေးပို့ခြင်းကို မိခင်နှင့်ကလေး တာဝန်ခံဒေါက်တာကိုလေးယုက လည်းကောင်း၊ သားဖွားခန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသော အတွေ့အကြုံကို ကလေးအထူးကု ဒေါက်တာပိုက်ထွေးချိုက လည်းကောင်း တင်ပြဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း တာမွေ မြို့နယ် အမှတ်(၁၈)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မူလတန်းဆင့် ပညာ သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲကို မတ် ၁၃ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးဆွေက စတုတ္ထတန်း ကျောင်းသား မောင်အောင်နိုင်မိုးအား သင်ယူ ပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျောင်းမကြီး တောင်ဘက် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ၂၀ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသန်းလွင်တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကာမိုင်း-လဝါးကျေးလက်လမ်းရှိ တံတားပြုပြင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း

ကာမိုင်း မတ် ၁၅

ကချင်ပြည်နယ် ကာမိုင်း မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများ၊ဌာနဆိုင်ရာဝန်ထမ်း များနှင့်လူမှုရေးအသင်းအဖွဲ့ဝင် များ ပူးပေါင်း၍ မတ်၈ရက်က ကာမိုင်း-လဝါး ကျေးလက် လမ်းပေါ်ရှိ တံတားများ ပြုပြင်ခြင်း၊ လမ်းပခုံး မြှင့်တက်စေရန်မြေဖို့ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ကြရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဆန်းအောင်တို့ လိုက်လံကြည့်ရှုအားပေးပြီး လုပ်ငန်းစနစ်တကျရှိရေးအတွက် ကြီးကြပ် ဆောင်ရွက်ကြသည်။ (၄၁၆)

တွံတေးမြို့ အိုးဘိုရှေ့ ဗိုလ်ချုပ်လမ်း အမှတ်(၃၆၅)နေ ဦးခင်မောင်ဝင်း-ဒေါ်ရီရီချို၊ သား မောင်ရဲမင်းဦး မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ လှူဒါန်းရာ ဘိုးဘွားရိပ်သာ အဖွဲ့ဝင် ဦးလှမြင့်က လက်ခံယူစဉ်။ (၃၈၀)

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်သော ကျောက်တန်းစံပြကျေးရွာဖွင့်ပွဲကို မတ် ၆ရက်က ယင်းကျေးရွာတွင်ကျင်းပရာ ကျောက်တန်းစံပြကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်သီသီရှိန်၊ ကျေးရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၆၈)

ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ဟောပြော

မြင်းမူ မတ် ၁၅

ဒသမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးသန့်က အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်အကြောင်း ရှင်းလင်း ပြောကြားသည်။

စနစ်တကျ

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းဆောင် ဒေါ်ချိုချိုဝင်းက အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ရုပ်မြင်သံကြားပြစက် ပေးအပ်လှူဒါန်း

ဂန့်ဂေါ မတ် ၆

ဂန့်ဂေါခရိုင် ဆောမြို့နယ် ဆီမီးကျေးရွာ ဖူးပွင့်ဝေစာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၂၅ရက်က အများပိုင် ရုပ်မြင်သံကြားပြစက်ထားရှိနိုင်ရန် ကျေးရွာနေ ပြည်သူများက ငွေကျပ် တစ်သိန်းသုံးသောင်းတန် အယ်လ်ဂျီ ၁၄လက်မအရွယ် ရုပ်မြင်သံကြား ပြစက်တစ်လုံးကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ရုပ်မြင်သံကြားပြစက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က လက်ခံရယူ၍ ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။ (၂၇၃)

30-3 (16) 1 3/30/07, 2:09 PM

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဒဂုံမြို့နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင် စာချဂဏဝါစက ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသ အရှင်မြတ်အား ပူဇော်ပွဲကို မတ် ၁၁ရက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၌ ကျင်းပရာ အလှူရှင်များက ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ရေစကြိုမြို့ သာသနာ့ဗိမာန် တည်ဆောက်ရေးပွဲစည်း

ရေစကြို မတ် ၁၅

ရေစကြိုမြို့တွင် သာသနာ့ဗိမာန်တည်ဆောက်နိုင်ရေးအတွက် မတ် ၄ ရက်က အောင်မြေသာယာ ဝန်မင်းကြီးကျောင်းတိုက်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်သံဃနာယက ဆရာတော်များ၊ တိပိဋက ရေစကြို ဆရာတော် ရှင်ဝါယမိန္ဒနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ငါးပါးသီလ ချီးမြှင့်ကာ အဂ္ဂမဟာပဏ္ဍိတ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိမလ နှင့် တိပိဋက ရေစကြိုဆရာတော် ရှင်ဝါယမိန္ဒတို့က ဩဝါဒများမြွက်ကြားကြသည်။

ထို့နောက် ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းပြီး အဆောက်အအုံအတွက် မြေနေရာ လျာထားကြကာ အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြသည်။ (၂၅၁)

ရန်ကုန်မြောက်ပိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေရှိ စေတီတော်များနှင့် သာသနိက အဆောက်အအုံများ လျှပ်စစ်မီးများ သွယ်တန်းပူဇော်ရန်အတွက် ဦးမောင်မောင်သန်း-ဒေါ်ခင်မာညို၊ သား မောင်ကျော်စွာထက်မိသားစု ဗညားနွဲ့လမ်း အမှတ်(၂)ရပ်ကွက် မှော်ဘီမြို့က အလှူငွေကျပ်သုံးသိန်းကို ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးလင်းရေးကော်မတီ အတွင်းရေးမှူး ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ချမ်းမြသာစည်ရပ်ကွက်၌ စုပေါင်းဆောင်ရွက်

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု သန့်လေးသန့် ဟောပြောပွဲ အခမ်းအနားကို မတ် ၉ရက် ညနေ ၃နာရီက ချမ်းမြသာစည် ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရှန်ခမ်းက ယင်လုံအိမ်သာခွက်များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်တာထံသို့ ပေးအပ်ပြီး ကျန်းမာရေးဦးစီးဌာနမှ လက်ကမ်းစာစောင်များနှင့် ပညာပေးပိုစတာများ ဖြန့်ဝေပေးသည်။

ထို့နောက် ချမ်းမြသာစည်ရပ်ကွက်အတွင်း ယင်လုံအိမ်သာ ဆောက်လုပ်အသုံးပြုခြင်းနှင့်ပတ်သက်၍မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီမော်နှင့် အဖွဲ့များက လက်ဆေးခြင်း အဆင့်ခုနစ်မျိုးကို သရုပ်ပြ ရှင်းလင်းပြသခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို မတ် ၂၂ ရက်က မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်ရှိ ဝိဇ္ဇာ၊သိပ္ပံ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နွေရာသီသင်တန်းပေါင်းစုံ တပ်ကုန်းမြို့၌ဖွင့်

တပ်ကုန်း မတ် ၂၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ်၏ နွေရာသီသင်တန်းပေါင်းစုံ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ဒုတိယရဲမှူးအေးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေအုံမောင်က လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ဖွင့်လှစ်မည့် သင်တန်းအမျိုးအစားများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရိပ်သာ-သရက်တောလမ်း

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်အဖွဲ့ ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိသော ညောင်ရိပ်သာ-သရက်တောကျေးရွာ မြေသားလမ်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၂ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ကောလင်း မတ် ၁၅

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၅ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)က ခါသကြိ်န်ကို မြန်မာဆန်ဆန် ကျင်းပသွားရေး၊ မြို့နယ်သမိုင်း ပြုစုရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်စဉ်ကြေးများ ကြိုတင်ပေးသွင်းရေး၊ စာအုပ်အလှူရှင်များအား ဂုဏ်ပြုရေးနှင့် အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးတို့ကို ဆွေးနွေးကြသည်။ **(၀၂၆)**

ပြင်ဦးလွင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကြီးမှူး ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး

ပြင်ဦးလွင် မတ် ၂၄

ပြင်ဦးလွင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို မတ် ၁၀ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာပေး

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သီထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာနန်းညွှန့်ညွှန့်အေးက ကြက်ငှက်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအကြောင်းကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ဋ္ဌေးက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ဖြေကြား

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အသိပညာပေး ပိုစတာများနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် မြို့ရှေ့ပန်းသီတာဥယျာဉ်၌ ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးမှုရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးကြပ်ဆောင်ရွက်မှုအပေါ် အမှုဆောင်အရာရှိ ဦးဋ္ဌေးဝင်း၊ ဦးစီးအရာရှိ ဒေါ်နွယ်နီထွန်း၊ ဒုတိယဦးစီးမှူး(ဈေး) ဦးဇော်လွင်နှင့် အင်ယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်မော်မော်ဦးတို့ ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် မီးဘေးကြိုတင် ကာကွယ်ရေး အစီအစဉ်အရ ဆက်သွယ်ရေး စာတိုက်ဝင်းအတွင်းရှိ မြို့လယ် မီးသတ်ရေလှောင်ကန်ကို ခြောက်ပေအနက် ရေအပြည့်အဝဖြည့်တင်းနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များ ပြန်လည်တူးဖော် ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးယခင်ကပင် ရင်းနှီးစွာကူးလူးဆက်ဆံခဲ့ ယနေ့အချိန်အခါတွင်လည်း နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆက်ဆံမှု တိုးတက်များပြားလာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် ကုန်သွယ်ရေးဆက်ဆံမှု ပိုမိုတိုးတက်လာမည်ယုံကြည်

မြန်မာ–တရုတ်(ယူနန်) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၉

မြန်မာ–တရုတ်(ယူနန်) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong က အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာ့အလင်း သတင်း၊ ဆောင်းပါးအညွှန်း

ပန်းနိုင်ငံ၏ ပန်းပြည်နယ်

ယနေ့တပ်မတော်အစိုးရသည် ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှုကျဉ်းမြောင်းစေကာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေး အဖုံဖုံတို့ကို နိုင်ငံလွှမ်းခြုံ ကဏ္ဍစုံ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ဆောင်းပါး (စာ - ၁၀)

ရေနွေးကြမ်းသောက်လျှင် HIV ကိုဟန့်တားနိုင်

အင်တာနက်ကျန်းမာရေးသတင်း (စာ-၁၂)



ယူရို ၂၀၀၈ ခြေစစ်ပွဲများ ယှဉ်ပြိုင် အင်္ဂလန်တို့ နိုင်၊ ပေါ်တူဂီတို့ သရေကျ

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)

NLD သည် အမျိုးသားနိုင်ငံရေးကိုမကြည့်၊ နိုင်ငံကြီးအချို့၏ အထောက်အပံ့ကိုရယူ၊ တပည့်မွေး၊ ဆရာမွေးအုပ်စုဖွဲ့နေ NLD ခေါင်းဆောင်ပိုင်းမှ လက်တစ်ဆုပ်စာလူတစ်စု ကောင်းစားနေချိန်တွင် အောက်ခြေပါတီဝင်များ ဆင်းရဲတွင်းနစ်လျက်ရှိ

ပါတီအပေါ် စိတ်ဝင်စားမှုမရှိသဖြင့် လှိုင်သာယာမြို့နယ်မှ ပါတီဝင် နှစ်ဦးနုတ်ထွက်

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးအဖွဲ့ အတွင်းရေးမှူး ဦးဝင်းဗိုလ်နှင့် မဝင်းပပတို့ နှစ်ဦးသည် မတ် ၂၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် အမျိုးသားနိုင်ငံရေးကိုမကြည့်ဘဲ ပြည်ပနိုင်ငံကြီးအချို့၏ အထောက်အပံ့ကိုရယူကာ တပည့်မွေး၊ ဆရာမွေး အုပ်စုဖွဲ့ပြီး ပါတီတွင်းမညီညွတ်မှုများကို ဖုံးကွယ်လျက် ကိုယ်ကျိုးရှာလျက်ရှိကြောင်း၊ ပြည်ပအထောက်အပံ့များဖြင့် NLD ခေါင်းဆောင်ပိုင်းမှ လက်တစ်ဆုပ်စာ လူတစ်စုကောင်းစားနေချိန်တွင် အောက်ခြေ NLD ပါတီဝင်များမှာ ဆင်းရဲတွင်းနစ်နေကြောင်း၊ NLD၏ ထိပ်တိုက်ရင်ဆိုင်ရေး၊ ပိတ်ဆို့ရေး လုပ်ရပ်အမှားများကြောင့် ပြည်သူများ အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

30-3 (20) 1 3/30/07, 2:09 PM